ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ပထမဝါဆိုလပြည့်ကျော်၁၀ရက်၊ တနင်္ဂနွေနေ့၊ (11-7-2004)(၄၂၉၁)

ဒါနဥ္စ တေံ မင်္ဂလ မုတ္တမံ။

ပေးကမ်းလှူဒါန်းခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မွန်ဂိုးလီယားသမ္မတထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၁၁

၂၀၀၄ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ကျရောက်သော မွန်ဂိုးလီယားနိုင်ငံ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မွန်ဂိုးလီယားနိုင်ငံသမ္မတ မစ္စတာနာဆာဂျင် ဘာဂါဘမ်ဒီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၈၇) ရပ်ကွက်ရှိ ပြည်သူ့ဆေးရုံဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဆေးရုံရှေ့တွင် မဥ္ဇူသကပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြည်သူ့ဆေးရုံနှင့် ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားများ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇူလိုင် ၁၀

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ရန်ကုန်တိုင်း ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောက်လုပ်လှူဒါန်းသော ပြည်သူ့ဆေးရုံနှင့် အမှတ်(၇)အခြေခံ ပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်ချီးမြှင့်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ●

မူလတန်းကျောင်းဆောင်သစ်

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် (၁၆၈) ရပ်ကွက်ရှိ အမှတ် (၇) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ကို ဖွင့်ပွဲအခမ်းအနားတွင် တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၁-၇-၂၀၀၄
(တနင်္ဂနွေနေ့)

နယ်မြေဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး စည်းလုံးညီညွတ်စွာ လက်တွဲကြိုးပမ်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် ဇူလိုင်လ ၄ ရက်နေ့က ကချင်ပြည်နယ်ခရီးစဉ်အတွင်း မိုးညှင်းမြို့၊ တနိုင်းမြို့၊ မိုးညှင်းမြို့နယ် လုံးတုံကျေးရွာ၊ ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာ၊ ရှူဒူဇွတ်ကျေးရွာတို့သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ပညာရေး၊ လူမှုရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခဲ့သည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ခရီးစဉ်အတွင်း တနိုင်းမြို့သို့ ရောက်ရှိစဉ် ဟူးကောင်းခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံရာတွင် **ဒေသခံ ပြည်သူများအားလုံးက ရရှိပြီးသော ငြိမ်းချမ်းရေးအသီးအပွင့်များကို ဆက်လက်ခံစားနိုင်ရန် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံတော်၊ တပ်မတော်၊ ပြည်သူနှင့်ဝန်ထမ်းအားလုံး စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံ့အကျိုး၊ ဒေသအကျိုး ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း** မှာကြားခဲ့သည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ပြည်နယ်နှင့်တိုင်း နယ်မြေဒေသများအလိုက် ရေကြော၊ မြေကြောဆက်စပ်လာပြီး လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအစီအမံများကို စနစ်တကျ ချမှတ်ဖော်ဆောင်လျက်ရှိသည်။

ကချင်ပြည်နယ်တွင် အခြားပြည်နယ်နှင့်တိုင်းများသို့ ဆက်သွယ်သွားလာနိုင်သည့် ရွှေဘို-မြစ်ကြီးနားလမ်းအပြင် မန္တလေး-တကောင်း-ရွှေကူ-ဗန်းမော်-မြစ်ကြီးနား ကားလမ်းများ ဖြစ်ပေါ်နေပြီဖြစ်ရာ လမ်းပန်းဆက်သွယ်မှု ပိုမိုလွယ်ကူ ကောင်းမွန်လျက်ရှိသည်။

နိုင်ငံတော်က ကချင်ပြည်နယ်အတွင်း မော်တော်ကားလမ်းများ၊ တံတားကြီးများကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိရာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမှုနှင့်အတူ အခြားကဏ္ဍများ၌လည်း ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။ မြစ်ကြီးနားမြို့နှင့် အချက်အချာကျသော ဒေသများဖြစ်သည့် ဗန်းမော်မြို့နှင့် မိုးညှင်းမြို့တို့၌ တက္ကသိုလ်နှင့်ကောလိပ်များကို တည်ဆောက်ဖွင့်လှစ် ပေးနိုင်ခဲ့ပြီဖြစ်သည်။

ဖားကန့်မြို့နယ်သည် စီးပွားရေးအခြေခံကောင်းများရှိသည်ဖြစ်ရာ နိုင်ငံတော်က ဖားကန့်ဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ရည်မှန်းချက်ဖြင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအခြေခံများကို ဖြည့်ဆည်းပေးလျက်ရှိသည်။

အလားတူ တနိုင်းမြို့နယ်သည် ရေ၊ မြေ၊ သဘာဝအခြေခံကောင်းများကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းမွန်လျက်ရှိရာ ဒေသခံပြည်သူများက ကဏ္ဍအလိုက် အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ကချင်ပြည်နယ်အတွင်း စိုက်ပျိုးရေးအခြေအနေကိုကြည့်လျှင် ဆန်စပါး၊ ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုးနှင့် အခြားသီးနှံများကို စိုက်ပျိုးလျက်ရှိပြီး ဒေသဝမ်းစာ ဖူလုံမှုရှိကြောင်း သိရသည်။

ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ပြီး ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဖော်ချဆောင်ရွက်လာနိုင်ခြင်းမှာ ဒေသအတွင်း တည်ငြိမ်အေးချမ်းမှု ရှိသောကြောင့်ဖြစ်သည်။

သို့ဖြစ်ရာ နယ်မြေဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ ရရှိပြီးသော ငြိမ်းချမ်းရေးအသီးအပွင့်များကို တိုင်းရင်းသား ပြည်သူများ ဆက်လက်ခံစားနိုင်ရေးတို့အတွက် နိုင်ငံတော်၊ တပ်မတော်၊ ပြည်သူနှင့် ဝန်ထမ်းများအားလုံးက စည်းလုံးညီညွတ်စွာ အတူလက်တွဲပြီး နိုင်ငံတော်အကျိုး၊ ဒေသအကျိုး ထာဝစဉ်ရှေးရှု၍ ကြိုးပမ်းဆောင်ရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆွေးနွေးပြောကြား

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အကြောင်း သိကောင်းစရာများ ဆွေးနွေးပြောကြားစဉ်။

(သတင်းစဉ်)

ဝိုင်အမ်ဘီအေအသင်း ပဉ္စမအကြိမ်ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၀

(ဝိုင်အမ်ဘီအေ) ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏ ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၃၁ရက် (ဓမ္မစကြာနေ့)စနေနေ့ နံနက် ၉နာရီတွင်ကျင်းပမည်ဖြစ်ရာ အတွင်းရေးမှူးထံတွင် လည်းကောင်း၊ ဖုန်း-၂၉၀၄၀၉သို့လည်းကောင်း ဆက်သွယ်လှူဒါန်းကြရန် အမှုဆောင်အဖွဲ့က နိုးဆော်ထားသည်ဟု သိရသည်။ (၂၃)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာဟောပြော

ရန်ကုန် ဇူလိုင် ၁၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပဉ္စမထပ်ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် တက်ရောက်၍ အကျယ်တဝင့် ရှင်းလင်းဟောပြောသည်။

တက်ရောက်

ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်နှင့်အတူ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့်ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ်ဒေါ်အေးပြည့်ဝေခင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများ၊ ဝန်ထမ်းအမျိုးသမီးများ စုစုပေါင်း ၃၅၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဟောပြော

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊ အဖွဲ့ချုပ်၏ ရည်ရွယ်ချက် ခုနစ်ချက်၊ ဖွဲ့စည်းပုံ အဆင့်ဆင့်၊ လုပ်ငန်းအဖွဲ့ ၁၆ဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းစီမံချက်တို့ကို ကဏ္ဍငါးရပ်ခွဲ၍ ရှင်းလင်းဟောပြောပြီး "အမျိုးသမီးများ ဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းဆောင်ရွက်စို့" ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သောရည်ရွယ်ချက်များ အောင်မြင်ရေး၊ အမျိုးသမီးများ မိမိဆန္ဒအလျောက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ်ဒေါ်အေးပြည့်ဝေခင်ကမြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်အား အမှတ်တရ ဂုဏ်ပြုလက်ဆောင် ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၀

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ပဉ္စမအကြိမ် အမျိုးသားအဆင့် ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံခန်းမ၌ကျင်းပသည်။

ဇာတ်လမ်းတိုပြသ

ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်(ရောဂါနှိမ်နင်းရေး/ပြည်သူ့ကျန်းမာရေး) ဒေါက်တာစိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေး ဦးစီးဌာန ငှက်ဖျားရောဂါ တိုက်ဖျက်ရေးစီမံချက်အတွက် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့် PSI အဖွဲ့က စီစဉ်ပြသသော ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေး ပညာပေးဇာတ်လမ်းတိုကိုပြသပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် ဧည့်သည်တော်များသည် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ ဧည့်ကြိုဆောင်၌ ပြသထားသော ပဉ္စမအကြိမ်အမျိုးသားအဆင့် ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

ဇူလိုင် ၆ရက်က အီရတ်နိုင်ငံ ခါလစ်မြို့တွင် ကားဗုံးပေါက်ကွဲရာနေရာ၌ လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယားနိုင်ငံသားများ အီရတ်သို့ ခရီးမသွားရန် အစိုးရက ထပ်မံသတိပေး

ဆိုးလ် ဇူလိုင် ၈

တောင်ကိုရီးယားနိုင်ငံသားများအနေဖြင့် အီရတ်နိုင်ငံသို့ ခရီးထွက်ခြင်းမှ အထူးရှောင်ကြဉ်ကြရန် တောင်ကိုရီးယားအစိုးရက အင်္ဂါနေ့တွင် ထပ်မံသတိပေးခဲ့သည်။ သတိပေးချက်ကို အလေးမထားဘဲ အန္တရာယ်များလှသော ထိုနိုင်ငံသို့ခရီးသွားသော အရပ်သားများအတွက် အကာအကွယ်ပေးရန် ခက်ခဲလှကြောင်း၊ ထိုနိုင်ငံအတွင်းသို့ မိမိသံရုံးကို အသိမပေးဘဲ ဝင်ရောက်ခဲ့လျှင်လည်း ဘေးရန်မကင်းကြောင်း၊ အကာအကွယ်ပေးရန် အခက်အခဲရှိကြောင်းကိုပါ အသိပေးကြေညာထားသည်။

ပြီးခဲ့သောလက တောင်ကိုရီးယား စကားပြန်တစ်ဦး အသတ်ခံခဲ့ရသည်။ ယခုအခါ အာဏာပိုင်များသည် ၎င်းအမှုကို အစိုးရအနေဖြင့် မည်သို့ ကိုင်တွယ် ဆောင်ရွက်ခဲ့သည်ဆိုသော ကိစ္စကို စုံစမ်းလျက်ရှိသည်။

အတော်ကြာမှသိရ

တောင်ကိုရီးယားနိုင်ငံသားအီရတ်တွင် အဖမ်းခံနေရသည်ဆိုသော အဖြစ်ကို အဖမ်းခံရအပြီး သီတင်းပတ် အတော်ကြာမှ အစိုးရကသိရှိခဲ့ရသည်ဟု ဆိုသည်။

လိုလား

အသတ်ခံခဲ့ရသူ တောင်ကိုရီးယားနိုင်ငံသားမှာ အသက် (၃၃)နှစ်အရွယ်ရှိ ကင်ဆွန်အီလ်ဆိုသူဖြစ်သည်။ ၎င်း၏ အဖြစ်ကြောင့် ကိုရီးယားနိုင်ငံသားများမှာ ချောက်ချားခဲ့ကြရသည်။ သို့ရာတွင် တောင်ကိုရီးယား ကုန်သွယ်ရေး ကုမ္ပဏီတစ်ခုနှင့် စီးပွားရေးသမားအများအပြားမှာ အီရတ်နိုင်ငံသို့ ခရီးထွက်ခွာရေးကိစ္စကို လိုလားနေကြဆဲဖြစ်သည်ဟု တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ဌာနက ပြောကြားသည်။

တားမြစ်

တောင်ကိုရီးယား နိုင်ငံသားများအနေဖြင့် အီရတ်သို့ ခရီးသွားကြလျှင် အစိုးရအနေဖြင့် အရပ်ဘက်ပုဂ္ဂိုလ်များကို အကာအကွယ်ပေးရေးကိစ္စမှာ အကန့်အသတ်နှင့်သာ လုပ်နိုင်သည်။ သို့ဖြစ်၍ အရပ်သားများအနေဖြင့် ထိုနိုင်ငံသို့ ခရီးထွက်ခြင်းမှ ရှောင်ကြဉ်ကြရန် ကျပ်တည်းစွာ တားမြစ်ထားသည်ဟု တောင်ကိုရီးယား အစိုးရ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ခေတ္တမျှထိန်းသိမ်း

တောင်ကိုရီးယားအစိုးရ၏ ခရီးမသွားရန် တားမြစ်သည့် အထက်ပါကြေညာချက်မျိုးကို ယခုနှစ် ဧပြီလအတွင်းကလည်း ထုတ်ပြန်ခဲ့သေးသည်။

ပြန်လွတ်

ထိုဧပြီလ ကြေညာချက်မှာ တောင်ကိုရီးယား ခရစ်ယာန်သာသနာပြုအဖွဲ့ဝင် ခုနစ်ဦးကို အီရတ်တွင် ခေတ္တမျှထိန်းသိမ်းခြင်းခံခဲ့ရပြီး နောက်ပိုင်းထွက်ပေါ်လာခြင်းဖြစ်၏။ နောက်ပိုင်းတွင် ၎င်းသာသနာပြုအဖွဲ့ဝင်များသည် ဘေးမသီရန်မခဘဲ ပြန်လွတ်လာကြသည်။

ထွက်ခွာမည်

လာမည့်လတွင် တောင်ကိုရီးယားတပ်ဖွဲ့ဝင် ၃၀၀၀ ပါဝင်သော တပ်ဖွဲ့တစ်ဖွဲ့သည် အီရတ်သို့ ထွက်ခွာကြတော့မည် ဖြစ်သည်။ ထိုအဖွဲ့မှာ ဗီယက်နမ်စစ်ကာလအပြီးတွင် ပြည်ပသို့ အရေအတွက်အများဆုံး စေလွှတ်သော တောင်ကိုရီးယားစစ်မစ်ရှင်အဖွဲ့ပင်ဖြစ်သည်။

တပ်ချထား

ထိုတပ်ဖွဲ့များ ရောက်ရှိသွားသောအခါ တောင်ကိုရီးယား တပ်ဖွဲ့ဝင်ဦးရေစုစုပေါင်းသည် အီရတ်ရှိ ပြည်ပတပ်ဖွဲ့များအနက် တတိယအင်အားအကြီးဆုံးတပ်ဖွဲ့ ဖြစ်လာမည်ဖြစ်၏။ အမေရိကန်နှင့် ဗြိတိန်တို့သည် ပထမနှင့်တတိယအင်အားအများဆုံးတပ်ချထားသောနိုင်ငံများ ဖြစ်သည်။

၂၀၀၃ ခုနှစ် မေလတွင် တောင်ကိုရီးယား ဆေးဘက်ဆိုင်ရာ တပ်ဖွဲ့ဝင်နှင့်အင်ဂျင်နီယာတပ်ဖွဲ့ဝင် ၆၀၀ ခန့်တို့ကို အီရတ်နိုင်ငံတွင် ဖြန့်ကြက်ချထားခဲ့ပြီးဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်တွင်သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ၈၇၅ဦးရှိပြီ

ဘဂ္ဂဒက် ဇူလိုင် ၁၀

အီရတ်နိုင်ငံတွင် လွန်ခဲ့သည့်နှစ်က စစ်ရေးအရ စတင်စစ်ပွဲဆင်နွှဲချိန်မှစ၍ ယခုနှစ် ဇူလိုင် ၉ရက်အထိ အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၈၇၅ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ယင်းအနက် ၆၅၁ဦးမှာ တိုက်ပွဲများကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၂၂၄ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်သည်။

သေဆုံး

ထိုကာလအတွင်း ဗြိတိန် ၅၉ဦး၊ အီတလီ ၁၈ဦး၊ စပိန် ရှစ်ဦး၊ ဘူလ်ဂေးရီးယားနှင့် ပိုလန် ခြောက်ဦးစီ၊ ယူကရိန်း လေးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားတပ်ဖွဲ့ဝင် နှစ်ဦး၊ ဒိန်းမတ်၊ အယ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလန်တို့က တစ်ဦးစီ အသီးသီးသေဆုံးခဲ့သည်။

အီရတ်နိုင်ငံတွင် အဓိကစစ်ဆင်မှုများ ပြီးဆုံးပြီဖြစ်ကြောင်း အမေရိကန်သမ္မတဘုရှ်က ကြေညာခဲ့သည့် ၂၀၀၃ခုနှစ် မေလ ၁ရက်နောက်ပိုင်း အမေရိကန်တပ်ဖွဲ့ဝင် ၇၃၇ဦးသေဆုံးခဲ့ရာ ယင်းတို့အနက် ၅၄၂ဦးမှာ တိုက်ပွဲများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ပြီး ၁၉၅ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်သည်။

(အင်တာနက်)

စစ်ဆေးရေးဂိတ်တွင် ကန်တပ်ဖွဲ့ဝင်များပစ်ခတ်၍ ကလေးသေဆုံးပြီး မိခင် ဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၈

ဘဂ္ဂဒက်မြို့ရှိ စစ်ဆေးရေးဂိတ်တစ်ခုမှ အမေရိကန် တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် အီရတ်ကလေးငယ်တစ်ဦးသေဆုံးသွားပြီး အခြားအမျိုးသမီးတစ်ဦး ဒဏ်ရာ ရရှိသွားသည်။ ထိုကားမှာ စစ်ဆေးရေးဂိတ်၌ ရပ်ပေးရန် ပျက်ကွက်ခဲ့သဖြင့် ယခုကဲ့သို့ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ကြိုးစားအားထုတ်

ယာဉ်မောင်းသူသည် ကားကို ရပ်တန့်ရန် တုတ်ဖြင့် အမိန့်ပေးသည်ကိုလည်းကောင်း၊ မျက်မြင်အားဖြင့် ပြသည်ကိုလည်းကောင်း မနာခံဘဲ ကားမီးမှိတ်၍ အစောင့်များကို ဖြတ်ကျော်နိုင်ရန် အတင်းမောင်းပြေးရန် ကြိုးစားအားထုတ်ခဲ့သည်ဟုအမေရိကန်စစ်ဘက်အစီရင်ခံချက်တွင် ဖော်ပြထားသည်။

ယခု အဖြစ်အပျက်မှာ ပြီးခဲ့သော တနင်္လာနေ့နှောင်းပိုင်းက ဖြစ်ပေါ်ခဲ့ခြင်းဖြစ်၏။ ဒဏ်ရာ ရသွားသူမိခင်နှင့် ကလေးငယ်တို့ကိုဆေးရုံသို့ခေါ်ဆောင်သွားစဉ် ယာဉ်မောင်းသူ ဖခင်မှာ မေးမြန်းစစ်ဆေးရန် ရဲများက ထိန်းသိမ်းခဲ့ကြောင်း သိရသည်။

ထင်ထင်ရှားရှား

အီရတ်ပြည်သူများက အမေရိကန်တပ်ဖွဲ့ဝင်များသည် ပစ်ခတ်ရန်သာ ဆန္ဒပြင်းပြနေကြပြီး အရမ်းပစ်ခတ်ကြသဖြင့် အပြစ်မဲ့ အီရတ်ပြည်သူ အများအပြား သေဆုံးကြရသည်ဟု အပြစ်ဆိုကြသည်။ အမေရိကန်များသည် မီးအလင်းရောင် ထင်ထင်ရှားရှား ထွန်းမထားသည့်အပြင် ကြေညာထားခြင်းလည်းမရှိသော စစ်ဆေးရေးဂိတ်များကို မကြာခဏ ဖွင့်လှစ်ထားလေ့ရှိကြသည်ဟုဆိုသည်။ လျှပ်စစ်ဓာတ်အားပြတ်တောက်နေသဖြင့် စစ်ဆေးရေးဂိတ်များမှာ မြင်သာထင်သာသော အခြေအနေမရှိကြောင်း လူအများက ပြောကြားကြသည်။

အမ်အင်အေ၊ ရိုက်တာ။

လုံခြုံရေးအစီအစဉ်သစ်များထုတ်ပြန်နေစဉ်မှာပင် ဘဂ္ဂဒက်မြို့လယ်ပိုင်း၌တိုက်ခိုက်မှုများဆက်လက်ဖြစ်ပွား

ဘဂ္ဂဒက် ဇူလိုင် ၈

အီရတ်ခုခံတွန်းလှန်မှုများကို နှိမ်နင်းရန် အီရတ်ကြားဖြတ်အစိုးရက လုံခြုံရေးအစီအစဉ်များကို ထုတ်ပြန်နေစဉ်မှာပင် ဘဂ္ဂဒက်မြို့လယ်ပိုင်း၌ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ ဝန်ကြီးချုပ်အာလာဝီသည် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် ဥရောပသမဂ္ဂ(အီးယူ)နှင့် လာမည့်သီတင်းပတ်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

ဝန်ကြီးချုပ်က ဥပဒေအဖြစ် လက်မှတ်ရေးထိုးသည့် အရေးပေါ်အစီအစဉ်များအရ အီရတ်အစိုးရသည် ကာဖျူးအမိန့်များ ထုတ်ပြန်နိုင်ပြီး ဖမ်းဆီးမှုများပြုလုပ်ကာ နိုင်ငံခြားသားများ၏ သွားလာလှုပ်ရှားမှုများကို ချုပ်ချယ်ကန့်သတ်နိုင်သည်။ ထို့အပြင် နိုင်ငံရေးအုပ်စုများ လမ်းပေါ်ဆန္ဒပြမှုများကိုလည်း ပိတ်ပင်နိုင်သည်။

ဆက်လက်ဖြစ်ပွား

အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့က အီရတ်နိုင်ငံသားများထံ ဇွန် ၂၈ရက်တွင် အချုပ်အခြာအာဏာကို လွှဲပြောင်းပေးအပ်ခဲ့လင့်ကစား ဆက်လက်ဖြစ်ပွားနေသည့် အီရတ်နိုင်ငံမှ ခုခံတွန်းလှန်မှုများကို ဖြေရှင်းရန် အဆိုပါ ဥပဒေပြဋ္ဌာန်းရန် လိုအပ်ကြောင်း အလာဝီ၏ အီရတ်ကြားဖြတ်အစိုးရက ရှင်းလင်းပြတ်သားစွာ ပြောဆိုခဲ့သည်။

အဆိုပါ ဥပဒေအရ အီရတ်နိုင်ငံသားများ၏ အသက်အန္တရာယ် ခြိမ်းခြောက်မှု ဖြစ်လာနိုင်သည့် အီရတ်နိုင်ငံ၏ မည်သည့်ဒေသ၌မဆို အာလာဝီအနေဖြင့် အရေးပေါ်ဥပဒေကို ထုတ်ပြန်နိုင်မည်ဖြစ်သည်။

အစီအစဉ်သစ်များအရ ကြေညာသည့် အရေးပေါ်အခြေအနေသည် ရက်ပေါင်း ၆၀ ဖြစ်ပြီးအန္တရာယ်မရှိတော့လျှင် ပြန်လည်ရုပ်သိမ်းရ မည်ဖြစ်သည်။

အင်တာနက်။

ဇူလိုင် ၆ရက်က အီရတ်နိုင်ငံ ခါလစ်မြို့တွင် ကားဗုံးပေါက်ကွဲရာနေရာ၌ လုံခြုံရေး စောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စစ်ဆေး မေးမြန်း

ဇူလိုင် ၇ ရက်က ဘဂ္ဂဒက်မြို့တွင် အီရတ်များကို စစ်ဆေးမေးမြန်းရန် အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်လာစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ၌ လူအစုအပြုံလိုက် သေစေနိုင်သည့်လက်နက်များ ရှာဖွေတွေ့ရှိနိုင်ဖွယ်မရှိဟု တိုနီဘလဲဝန်ခံပြောကြား

လန်ဒန် ဇူလိုင် ၈

အီရတ်နိုင်ငံတွင် ဓာတုသို့မဟုတ် ဇီဝလက်နက်များ စုဆောင်းထားရှိမှုကို ရှာဖွေတွေ့ရှိနိုင်ဖွယ်မရှိဟု ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲက အင်္ဂါနေ့တွင် ဝန်ခံပြောကြားလိုက်သည်။ သို့ရာတွင် ဆက်ဒမ်ဟူစိန်အစိုးရသည် ကမ္ဘာကြီးအတွက် ခြိမ်းခြောက်နေသည်ကိုမူ ၎င်းက အလေးအနက်ထား ပြောဆိုလျက်ရှိသည်။

အမေရိကန်နှင့် ဗြိတိန်တို့သည် အီရတ်နိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်ပြီး ဆက်ဒမ်ဟူစိန်ကိုဖြုတ်ချရန်အတွက် အီရတ်၌ လူအစုအပြုံလိုက် သေစေနိုင်သည့် လက်နက်များရှိသည်ဟု စွပ်စွဲပြောဆိုခဲ့သည်။

အချည်းနှီး

အီရတ်နိုင်ငံ တစ်ဝန်းလုံး ယင်းလက်နက်များကို အပြင်းအထန် ရှာဖွေခဲ့ကြသော်လည်း အချည်းနှီးဖြစ်ခဲ့ရသည်။

အဆိုပါ လက်နက်များကို မိမိတို့ ရှာဖွေမတွေ့ရှိဆိုသည့်အချက်ကို မိမိလက်ခံရတော့မည်ဖြစ်ကြောင်း၊ ယင်းလက်နက်များကို မိမိတို့ တွေ့နိုင်ဖွယ်မရှိကြောင်း၊ ယင်းကိစ္စ မည်ကဲ့သို့ဖြစ်ရသည်ကို မိမိတို့ မသိကြောင်း၊ ယင်းလက်နက်များကို ဖယ်ရှားပစ်နိုင်ကြောင်း၊ ဝှက်ထားနိုင်ကြောင်း၊ ဖျက်ဆီးပစ်နိုင်ကြောင်း ဘလဲက ပြောကြားသည်။

အဆိုပါ လက်နက်များ အီရတ်၌ မရှိကြောင်းကို ဘလဲက အခိုင်အမာ ပြောကြားသည်။ ယင်းသို့ ဆိုလိုက်သဖြင့် ဆက်ဒမ်ဟူစိန်ထံမှ ခြိမ်းခြောက်မှု လုံးဝမရှိဟု ဆိုလိုက်လျှင်များယွင်းလိမ့်မည်ဖြစ်ကြောင်း ဗြိတိသျှပါလီမန် အောက်လွှတ်တော် ဆက်သွယ်ရေး ကော်မတီတွင် ဘလဲက ပြောကြားသည်။

အီရတ်၌ လူအစုအပြုံလိုက် သေစေနိုင်သည့် လက်နက်များရှိသည်ဟု မိမိအမှန်တကယ် ယုံကြည်ကြောင်း ၎င်းကပြောကြားသည်။

အီရတ်၏ လက်နက် အစီအစဉ်များနှင့် ဗြိတိန်အစိုးရ၏ ထောက်လှမ်းရေး အစီရင်ခံစာကို စုံစမ်းစစ်ဆေးလျက်ရှိပြီး ယင်းစုံစမ်းစစ်ဆေးမှု၏ အစီရင်ခံစာသည် ယခုလအတွင်း ထွက်ပေါ်လာမည်ဖြစ်သည်။

အီရတ်နိုင်ငံတွင် ဓာတုနှင့် ဇီဝလက်နက် အစီအစဉ်ရှိကြောင်းနှင့် ယင်းလက်နက်များကို အသုံးချကာ ၄၅ မိနစ်အတွင်း တိုက်ခိုက်နိုင်စွမ်းရှိကြောင်း အီရတ်စစ်ပွဲမတိုင်မီက မှတ်တမ်းမှတ်ရာများတွင် ဖော်ပြခဲ့သည်။

အဆိုပါ မှတ်တမ်းများကြောင့် ဗြိတိန်နိုင်ငံ၌ အကြီးအကျယ် အငြင်းပွားခဲ့ရာ အများတကာက လေးစားရသည့် ဗြိတိသျှသိပ္ပံပညာရှင် ဒေးဗစ်ကေးမှာ မိမိကိုယ်မိမိ အဆုံးစီရင်ခဲ့ပြီး အစိုးရနှင့် ဗြိတိသျှ အသံလွှင့်ကော်ပိုရေးရှင်း(ဘီဘီစီ)တို့ အချိန်အတန်ကြာ အငြင်းပွားခဲ့ကြသည်။

အင်တာနက်။



အီရတ်သို့ အိန္ဒိယတပ်ဖွဲ့ဝင်များ စေလွှတ်မည်မဟုတ် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ထုတ်ဖော်ပြောဆို

နယူးဒေလီ ဇူလိုင် ၆

အိန္ဒိယနိုင်ငံက အီရတ်သို့တပ်ဖွဲ့ဝင်များ စေလွှတ်မည်မဟုတ်ကြောင်း သို့သော် အီရတ်ရေနံလုပ်သားများအား လေ့ကျင့်သင်တန်းပေးမှု အပါအဝင် လူသားချင်းစာနာထောက်ထားမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် အိန္ဒိယက ကူညီမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး နတ်ဝါစင်းက ပါလီမန်တွင် အင်္ဂါနေ့က ပြောကြားလိုက်သည်။

အီရတ်ကြားဖြတ်အစိုးရထံ အာဏာလွှဲအပ်ပြီးနောက် အီရတ်သို့ အိန္ဒိယတပ်ဖွဲ့ဝင်များ စေလွှတ်ရေးကို စဉ်းစားနိုင်ကြောင်းဖြင့် ဝါရှင်တန်၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးပါဝဲနှင့် တွေ့ဆုံအပြီးတွင် လွန်ခဲ့သည့်လကအိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဆင်းက ပြောကြားသည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ အတိုက်အခံပါတီများနှင့် ကွန်မြူနစ်မဟာမိတ်များကပါ ဝေဖန်ခံရပြီးနောက် နိုင်ငံခြားရေးဝန်ကြီးဆင်းက အီရတ်သို့တပ်ဖွဲ့ဝင်များမလွှတ်ရေး ဆုံးဖြတ်ချက်ကို ပြန်လည်မစဉ်းစားသေးကြောင်း ပြောကြားလိုက်သည်။

ထို့အတွက်ကြောင့် အီရတ်သို့တပ်ဖွဲ့ဝင်စေလွှတ်ရေး ပြဿနာမပေါ်ပေါက်ကြောင်းဖြင့် ၎င်းက ပီတီအိုင်သို့ ပြောကြားသည်။ ***အင်တာနက်။***

ဇူလိုင် ၈ရက်က ဘဂ္ဂဒက်မြို့တော် ကောင်းကင်ယံတွင် ရဟတ်ယာဉ်တစ်စင်းပေါ်မှနေ၍ လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီဂျစ်နိုင်ငံသားများ အီရတ်သို့မသွားရန် သတိပေးထား

ကိုင်ရို (အီဂျစ်) ဇူလိုင် ၈

အီဂျစ်နိုင်ငံသား ယာဉ်မောင်းတစ်ဦး အီရတ်နိုင်ငံတွင် ပြန်ပေးဆွဲခံရပြီးနောက် အီဂျစ်အစိုးရက ၎င်း၏ နိုင်ငံသားများအား အီရတ်နိုင်ငံသို့ သွားရောက်အလုပ်ရှာဖွေမှု မပြုလုပ်ရန် ဗုဒ္ဓဟူးနေ့က သတိပေး နှိုးဆော်ထားသည်။

အီရတ်တရားဝင် တော်လှန်ရေးအမည်ရှိ အကြမ်းဖက်အုပ်စုတစ်စုက အယ်လ်ဂါရာဘာဝီ အမည်ရှိ ယာဉ်မောင်းတစ်ဦးကို ပြန်ပေးဆွဲခဲ့ကြောင်း ဗီဒီယိုရိုက်ကူးထားသည့် အခွေကို အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြား အစီအစဉ်တွင် ထုတ်လွှင့်ပြသခဲ့သည်။ အယ်လ်ဂါရာဘာဝီသည် အမေရိကန်တပ်ဖွဲ့ဝင်များအတွက် ထရပ်ကားမောင်းနှင်နေသူတစ်ဦးဖြစ်ပြီး ဆော်ဒီအာရေဗျနိုင်ငံမှ ကားမောင်းအပြန် အဆိုပါအုပ်စုက ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း၊ ယင်းအစီအစဉ်တွင် ကြေညာသွားသည်။ အဆိုပါအုပ်စုက အီဂျစ်ယာဉ်မောင်း လွှတ်ပေးရေးအတွက် မည်သည့်တောင်းဆိုချက်မျှ တောင်းဆိုခြင်းမရှိပေ။

လူအင်အား ဌာနက အီဂျစ်ယာဉ်မောင်း ပြန်ပေးဆွဲခံရမှုအပေါ် စိုးရိမ်မကင်းဖြစ်ကြောင်း ဝန်ကြီး အယ်လ်အမာဝီက ပြောကြားသည်။

အီရတ်နိုင်ငံ တည်ငြိမ်မှုမရှိသောကြောင့် ၎င်းနိုင်ငံသို့ အလုပ်ရှာမသွားကြရန် အယ်လအမာဝီက သတိပေးပြောကြားသည်။

အင်တာနက်။

အမေရိကန်တွင် စိတ်ဝေဒနာခံစားနေရသည့် ကလေးများကို ကလေးအကျဉ်းထောင်၌ထား ပို့စရာနေရာမရှိ၍ဖြစ်ကြောင်း အောက်လွှတ်တော်အစီရင်ခံစာ၌ ဖော်ပြ

ဝါရှင်တန် ဇူလိုင် ၈

အသက်ခုနစ်နှစ်ရှိ စိတ်ကျန်းမာမှုမရှိသည့် ထောင်ချီရှိသော အမေရိကန်ကလေးငယ်များအား ကလေးအကျဉ်းထောင်တွင် ဖမ်းဆီးထားကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အား ယင်းနေရာမှ လွှဲ၍ တခြားမည်သည့်နေရာမှ ပို့စရာမရှိသောကြောင့် ဖြစ်ကြောင်း အောက်လွှတ်တော် အစီရင်ခံစာတစ်ရပ်အရ ဗုဒ္ဓဟူးနေ့တွင် သိရှိရသည်။

ဖော်ပြ

စိတ်ကျန်းမာမှုမရှိသည့် အဆိုပါကလေးငယ်များကို ပစ္စည်းများ ထားရှိရာ ဂိုဒေါင်အား အကျဉ်းထောင်သဏ္ဌာန် ဖန်တီးပြီး ထည့်သွင်းထားရှိသည့် ရုပ်ပုံကို ဆေးခြယ်သကာ ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

အကျဉ်းစခန်း၅၂၄ခုအနက် အကျဉ်းစခန်း၁၆၀ကျော်မှ ကလေးငယ်များကိုယ့်ကိုယ်ကို သတ်သေရန် ကြိုးပမ်းမှုများ ပေါ်ပေါက်ခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့သည်။ အချို့သော ကလေးငယ်များ နေထိုင်သည့် နောက်ဆုံးနေရာမှာ ကလေးအကျဉ်းစခန်းများသာဖြစ်ကြောင်း တင်နက်ဆီပြည်နယ် ကလေးဌာနအုပ်ချုပ်ရေးမှူးများ၏ ပြောကြားချက်ကို ကိုးကား၍ လေ့လာရေး စစ်တမ်းတစ်ခုက ဖော်ပြထားသည်။ စိတ်ဓာတ်ကျဆင်းမှု ဝေဒနာခံစားနေသူများမှာ အကျဉ်းစခန်း အကျခံရင်းဖြင့် မိမိကိုယ်သတ်သေရန်သာ စဉ်းစားနေကြမည်ဟု ၎င်းအုပ်ချုပ် ရေးမှူးကပြောကြားသည်။

ယင်းအစီရင်ခံစာကို ရီပတ်ဗလီကန် အထက်လွှတ်တော်အမတ် ဆူဆန်ကောလင်းနှင့် ကာလီ ဖိုးနီးယားပြည်နယ် ဒီမိုကရက်တစ်အမတ် ဟင်နရီဝက်စ်မန်း တို့က ပူးတွဲ၍ လေ့လာရေးသားခြင်းဖြစ်သည်။ ယင်း အစီရင်ခံစာသည် အထက်လွှတ်တော်ကော်မတီက အစိုးရ ကိစ္စများအား ဗုဒ္ဓဟူးနေ့က ကြားနာမှုနှင့် စပ်လျဉ်း၍ ဖော်ပြထားသည့် အစီရင်ခံစာဖြစ်သည်။

ပြည်နယ် ၃၃ ခုက မည်သည့်စွဲချက်မှ တင်ခြင်းမရှိဘဲ လူငယ်များကို ထိန်းသိမ်းထားကြောင်း ယင်းအစီရင်ခံစာက ဖော်ထုတ်ထားသည်။ ကလေးငယ်၂၀၀၀ အား အကျဉ်းချထားပါက နောက်ခြောက်လကျော်ကြာလျှင် အကျဉ်းကျခံရသည့် ကလေးငယ်ဦးရေမှာ ၁၅၀၀၀ ဖြစ်လာမည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ကန်မရိန်းလေးဦး ဘဂ္ဂဒက်တွင် သေဆုံး အီရတ်ရဲတစ်ဦး သေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၈

ဘဂ္ဂဒက်မြို့အနောက်ဘက်၌ ဖြစ်ပွားသော ပစ်ခတ်မှုတစ်ခုတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသွားသည်။ အမေရိကန်စစ်ဘက်က အဆိုပါ ပစ်ခတ်မှုဟု ဖော်ညွှန်းရာ၌ ဒုံးသို့မဟုတ် စိန်ပြောင်းဖြင့် ပစ်ခတ်မှုကို ဆိုလိုခြင်းဖြစ်သည်။ ဘဂ္ဂဒက်မြို့လမ်းများအတွင်း ဖြစ်ပွားသော တိုက်ခိုက်မှုများနှင့်ပတ်သက်၍ အမေရိကန်စစ်ဘက်က တစ်စုံတစ်ရာပြောကြားခြင်းမရှိပေ။ သို့ရာတွင် ဇူလိုင် ၇ ရက်က ဖြစ်ပွားသော တိုက်ခိုက်မှုကြောင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်လေးဦး သေဆုံးသွားကြောင်း ပြောက်ကျားများထံမှလာသော သတင်းများက ဆိုသည်။

အီရတ် စစ်ပွဲစတင်ချိန်မှ ယနေ့ကာလထိအတွင်း ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း ၆၄၆ ဦးမှာ တိုက်ပွဲများ အတွင်း သေဆုံးခဲ့ရသည်ဟု ပင်တာဂွန်စစ်ဌာနချုပ်က ဆိုသည်။

အီရတ်၏ မြောက်ပိုင်းမြို့တော် မိုဆိုးလ်၌လည်း ကားဗုံးတစ်လုံး ပေါက်ကွဲသွားသည်အတွက် ရဲကင်းလှည့်အဖွဲ့ကို ထိခိုက်ခဲ့ရကြောင်း သိရသည်။ ရဲသားတစ်ဦးသေဆုံးပြီး ရဲခုနစ်ဦးတို့ ဒဏ်ရာရရှိသွားကြသည်။ ဆေးရုံဘက်ဆိုင်ရာများထံမှရသော သတင်းအရ အရပ်သားများပါ ထိမှန်ခံရကြောင်း သိရသည်။ ***အင်တာနက်။***

အီရတ်သို့ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရန်ကိစ္စ ရပ်ဆိုင်းထား

ကိုင်ရို ဇူလိုင် ၈

ပြီးခဲ့သော ဗုဒ္ဓဟူးနေ့က အီရတ်တွင် ဖမ်းဆီးခြင်းခံထားရသော ဖိလစ်ပိုင် ဓားစာခံတစ်ဦးနှင့် ပတ်သက်သည့် ရုပ်/သံသတင်းတစ်ပုဒ် ထုတ်လွှင့်သွားသည်။ ထိုသတင်းအရ ဖိလစ်ပိုင် တပ်ဖွဲ့ဝင်များကို အီရတ်မှ ပြန်မရုပ်သိမ်းလျှင် အဖမ်းဆီးခံ ဓားစာခံကို သတ်ပစ်မည် ဖြစ်ကြောင်း ခြိမ်းခြောက်ထားသည်။ သတင်းထုတ်လွှင့်သွားအပြီး နာရီအတန်ကြာသောအခါ ဖိလစ်ပိုင်အစိုးရ၏ တုံ့ပြန်ချက် ထွက်ပေါ်လာသည်။ အနာဂတ်တွင် နောက်ထပ်တပ်ဖွဲ့ဝင်များ ထပ်မံချထားမှုကို ရပ်ဆိုင်းထားရန် အမိန့်ထုတ်ပြန်ခဲ့သည်။

အသေးစိတ် ဖော်ပြ

ဖိလစ်ပိုင်လူမျိုးနှင့်အတူ အဖမ်းခံခဲ့ရသော အီရတ်လူမျိုး လုံခြုံရေးအစောင့်မှာ အသတ်ခံခဲ့ရပြီး ဖြစ်ကြောင်း သတင်းက ဖော်ပြခဲ့သည်။ ထိုကိစ္စနှင့် ပတ်သက်သော ထုတ်လွှင့်ချက်တွင် ဖမ်းမိခဲ့သည့် နည်းနာများကို အသေးစိတ် ဖော်ပြခဲ့ခြင်း မရှိပေ။

ခြိမ်းခြောက်

အဖမ်းခံဓားစာခံ၏နောက်တွင် ဖမ်းဆီးထားသူများသည် မျက်နှာဖုံးစွပ်များ ဝတ်ဆင်ထားပြီး အနီးကပ် ထိုင်နေကြသည်။ ထိုသတင်းများကို အယ်လ်ဂျာဇီရာသတင်းဌာနက ပြသသွားခြင်းဖြစ်၏။ လက်နက်ကိုင်များက တောင်းဆိုသကဲ့သို့ နောက်သုံးရက်အတွင်း ဖိလစ်ပိုင်အစိုးရက တပ်ရုပ်သိမ်းမပေးလျှင် ၎င်းဓားစာခံကို သတ်ပစ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ထားသည်။

သတင်းဓာတ်ပုံတွင် နဖူးစည်းစာတန်းအရ ဓားစာခံ ဖမ်းဆီးထားသောအဖွဲ့မှာ အီရတ်အစ္စလမ္မစ်အာမီ ခါလက် ဘင်အလ်ဝါလစ်တပ်ဖွဲ့ဖြစ်ကြောင်း သိရသည်။ ထိုအဖွဲ့သည် ယခင်က ကြားဖူးခြင်းမရှိသေးသော အမည်သစ်ဖြစ်သည်။

ရွှေ့ဆိုင်းထား

ဖိလစ်ပိုင်အစိုးရသည် တပ်များ ချထားရေးကိစ္စကို ရွှေ့ဆိုင်းထားသည်။ ယခု ဓားစာခံ ဖမ်းဆီးထားသော အခြေအနေနှင့် ပတ်သက်၍ ဖိလစ်ပိုင်အစိုးရအဖွဲ့က အသေးစိတ် ထုတ်ပြန်ခြင်း မရှိသော်လည်း နောက်ပိုင်းတွင် ဝန်ကြီးအဖွဲ့ အစည်းအဝေး၌ ဆက်လက်တိုင်ပင်ကြမည်ဖြစ်သည်။

ဖော်ပြထား

ဗီဒီယိုကြေညာချက်တွင် ဓားစာခံ၏အမည်ကိုထုတ်ဖော်ခဲ့ခြင်းမရှိပေ။ ဖိလစ်ပိုင်နှင့်အတူ အဖမ်းခံခဲ့ရသော လုံခြုံရေးအစောင့်မှာ အလ်ဂါဒီးလုံခြုံရေးလုပ်ငန်းမှ ဟာဖစ်အာမားဖြစ်ကြောင်း သိရသည်။ ပြသသွားသော သတင်းတွင် ၎င်းကိုင်ထားသော လက်နက်ကိုင်ဆောင်ခွင့်ကတ်ပြားကိုလည်း ဖော်ပြသွားသည်။ ထိုကတ်ပြား၌ ဖော်ပြထားသော အမည်မှာလည်း ဟာဖစ်အာမားပင်ဖြစ်သည်။

အယ်လ်ဂျာဇီရာသတင်း ထုတ်လွှင့်ချက်အရ အဖမ်းခံရသူ ဖိလစ်ပိုင်လူမျိုးမှာ ဆော်ဒီအာရေဗျနိုင်ငံ ကုမ္ပဏီ၌ အလုပ်လုပ်ကိုင်ပေးနေသူ တစ်ဦးဖြစ်ကြောင်း သိရသည်။ ဗီဒီယိုထဲတွင် ဖိလစ်ပိုင်ဓားစာခံမှာ ယခင် အမေရိကန်ဓားစာခံဝတ်ဆင်ထားသော လိမ္မော်ရောင်ဝတ်စုံများကိုပင် ဝတ်ဆင်ထားကြောင်း တွေ့ရသည်။

လက်ရှိအခြေအနေတွင် ဖိလစ်ပိုင်နိုင်ငံသည် အီရတ်နိုင်ငံ၌ တပ်ဖွဲ့ဝင်၊ ရဲသားများနှင့် ကျန်းမာရေးလုပ်သားများ ပါဝင်သော ပုဂ္ဂိုလ်စုစုပေါင်း ၅၁ ဦးကို ချထားကြောင်း သိရသည်။ ၎င်းအပြင် အီရတ်ရှိ အမေရိကန်စစ်ဘက်၌ ထမင်းချက်များ၊ စက်ပြင်များနှင့် အခြားအလုပ်များ လုပ်ကိုင်ပေးနေသူ ဖိလစ်ပိုင် လူမျိုး ၄၁၀၀ ဦးရှိကြောင်း သိရသည်။

အင်တာနက်။

ဇူလိုင် ၇ ရက်က ဘဂ္ဂဒက်မြို့ နေအိမ်တစ်အိမ်အတွင်းသို့ ရှာဖွေစစ်ဆေးရန် ကန်တပ်ဖွဲ့ဝင် တစ်ဦး အဓမ္မဝင်လာသဖြင့်အီရတ်မိန်းကလေး တစ်ဦး ကြောက်လန့်တကြား ငိုယိုနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ် ဝန်ကြီးချုပ်၏ နေအိမ်ကို ဒုံးကျည်ဖြင့် ပစ်ခတ် သမီးဖြစ်သူနှင့် အခြားတစ်ဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇူလိုင် ၈

အီရတ် ခုခံတိုက်ခိုက်ရေးသမားများက အီရတ်ကြားဖြတ်အစိုးရဝန်ကြီးချုပ်အလာဝီ၏နေအိမ်ကို ရော့ကက်ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ရာ အမျိုးသမီးကြီးတစ်ဦးနှင့် မိမိ၏သမီးဖြစ်သူတို့ ဒဏ်ရာရရှိသွားကြောင်း အလာဝီက သတင်းထောက်များအား ပြောကြားသည်။ ပစ်ခတ်မှု ဖြစ်ပွားချိန်တွင် နေအိမ်၌ ၎င်းရှိသည်၊ မရှိသည်ကိုမူ အလာဝီက ပြောကြားခြင်းမရှိပေ။

အလာဝီ၏နေအိမ်နှင့် အခြားပစ်မှတ်များကို တိုက်ခိုက်ခြင်းကြောင့် လူခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

လုံးပန်းအားထုတ်

အနာဂတ်ကာလတိုးတက်စည်ပင်ဝပြောရေးအတွက် အီရတ်ပြည်သူများစတင်ညီညွတ်လာချိန်တွင် အီရတ်ခုခံတွန်းလှန်ရေးသမားများသည် အီရတ်နိုင်ငံ ရှေ့မတိုးနိုင်စေရန် သဲကြီးမဲကြီး လုံးပန်းအားထုတ်နေဆဲရှိကြောင်း အလာဝီက ပြောကြားသည်။

ထုတ်လွှင့်

မကြာသေးမီသီတင်းပတ်များအတွင်းက နိုင်ငံခြားသားများအား ဓားစာခံအဖြစ် ပြန်ပေးဆွဲမှုများ ပေါ်ပေါက်ခဲ့ရာ မကြာသေးမီက အီရတ်လက်နက်ကိုင်သမားများသည် အီရတ်နိုင်ငံ၌ အလုပ်လုပ်ကိုင်နေသည့် ဖိလစ်ပိုင်တစ်ဦးကို ဖမ်းဆီးပြီး အကယ်၍ ဖိလစ်ပိုင်နိုင်ငံက ၎င်း၏တပ်ဖွဲ့ဝင် ၅၀ ခန့်ကို ၇၂ နာရီအတွင်း အီရတ်မှ ပြန်လည်မရုပ်သိမ်းလျှင် ၎င်းအား သတ်ပစ်မည်ဟု ခြိမ်းခြောက်ထားကြောင်း အယ်ဂျာဇီရာ ရုပ်/သံက ထုတ်လွှင့်သည်။

အင်တာနက်။

အမေရိကန်မရိန်းတပ်ဖွဲ့ဝင်လေးဦး အီရတ်၌သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၈

အီရတ်နိုင်ငံ အယ်အန်ဘာပြည်နယ်တွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်လေးဦး တိုက်ပွဲတွင် သေဆုံးကြောင်းဖြင့် အမေရိကန်စစ်ဘက်က ကြေညာသည်။ အဆိုပါ မရိန်းတပ်ဖွဲ့ဝင်လေးဦးနှင့်ဆိုလျှင် ရက်သတ္တပတ်ကျော် ကာလအတွင်း သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၁၄ ဦး ရှိပြီဟုသိရသည်။

အယ်လ်ခိုင်ဒါ နှင့် ဆက်နွှယ်သည့် မူဆာအယ်ဇာကာဝီနှင့် နောက်လိုက်တစ်စုသည် ဖော်လူဂျာမြို့နှင့် အယ်အန်ဘာပြည်နယ်တစ်ဝိုက်တွင် စစ်ဆင်တိုက်ခိုက်နေသည်ဟု အမေရိကန်အရာရှိများက သံသယရှိနေသည်။

အယ်အန်ဘာပြည်နယ်တွင် လုံခြုံရေးနှင့် တည်ငြိမ်ရေး စစ်ဆင်ရေးများဆင်နေစဉ် အမှတ်(၁) မရိန်း အထူးတပ်ဖွဲ့မှ မရိန်းတပ်ဖွဲ့ဝင် လေးဦး သေဆုံးသွားခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

အမေရိကန် တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ အဆိုအရ ဖော်လူဂျာမြို့၌ အယ်လ်ခိုင်ဒါများ ခိုအောင်းသည့် နေအိမ်များကို ပြီးခဲ့သည့်ရက်သတ္တပတ်က လေကြောင်းမှ တိုက်ခိုက်ကြသည်။

တနင်္လာနေ့ကလည်း အမေရိကန် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး တိုက်ပွဲတွင် သေဆုံးပြီး နောက်တစ်ဦးမှာစစ်ဆင်ရေးကာလအတွင်း ရရှိသော ဒဏ်ရာဖြင့် သေဆုံးသွားသည်ဆို၏။

နောက်ဆုံး သေဆုံးသူများနှင့်ပါဆိုလျှင် လွန်ခဲ့သည့်နှစ်က အီရတ်ကို ကျူးကျော် ဝင်ရောက်ကတည်းက အီရတ်နိုင်ငံအတွင်း တိုက်ပွဲများတွင် သေဆုံးရသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၆၄၄ ဦးရှိသွားပြီဟု သိရသည်။

အင်တာနက်။

အမေရိကန်စစ်ပြန်များ အီရတ်စစ်ပွဲကိုကန့်ကွက်

ဩစတင် ဇူလိုင် ၈

အမေရိကန် ကွန်ဂရက်လွှတ်တော်စည်းဝေးရာ ကက်ပီတယ် အဆောက်အအုံတွင် ဗုဒ္ဓဟူးနေ့က ဆန္ဒပြပွဲ၌ အီရတ်စစ်မြေပြင်မှ မကြာမီက ပြန်ရောက်လာကြသော စစ်မှုထမ်းနှစ်ဦးတို့က သမ္မတဘုရှ်အစိုးရသည် အီရတ်တွင် အကြမ်းဖက်ခြိမ်းခြောက်မှုရှိလေဟန် အမေရိကန်ပြည်သူတို့ကို လိမ်ခဲ့ကြောင်းဖြင့် ပြောကြားလိုက်သည်။

ထောက်ခံ

ဆက်ဒမ်ဟူစိန်အစိုးရကို ဆန့်ကျင်ပြီး အီရတ်ပြည်သူများ လွတ်မြောက်ရေးအတွက် တိုက်သင့်သည်ဟု မိမိတို့အစိုးရက မိမိအားယုံကြည်အောင် မှိုင်းတိုက်ထားသည့်အတွက် မိမိသည် အီရတ်စစ်ပွဲကို ပထမတွင် ထောက်ခံခဲ့ကြောင်းဖြင့် မကြာမီက အီရတ်မှ ပြန်လာသည့် ဗိုလ်ကြီးဒေးဗစ်ဟားရစ်က ပြောကြားလိုက်ပြီးနောက် အီရတ်တွင်ရှာမတွေ့သည့် လူအစုအပြုံလိုက်သေစေနိုင်သည့် အဖျက်စွမ်းအားမြင့်မားသော လက်နက်များ ဆက်ဒမ်ဟူစိန်က ပိုင်ဆိုင်ထားသည်ဟု အမေရိကန်အစိုးရက စွပ်စွဲခဲ့မှုအတွက် ၎င်းက ဝေဖန် ပြောကြားလိုက်သည်။

တိုက်တွန်း

ထို့ကြောင့် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်သမ္မတလောင်းနှင့် ဒုတိယသမ္မတလောင်းတို့ကို မဲပေးကြရန် ဗိုလ်ကြီးဒေးဗစ်ဟားရစ်က တိုက်တွန်းလိုက်သည်။

မရိန်းတပ်ဖွဲ့ဝင်ဟောင်းမိုက်ဟော့ဖ်မန်းကလည်း ဆက်ဒမ်ဟူစိန်ကို ထိန်းသိမ်းလိုက်သော်လည်း အီရတ်မှာအန္တရာယ်ကြီးမားလျက်ရှိကြောင်း၊ ဒီမိုကရေစီမလိုလားသော ပြည်သူများအား အဓမ္မဒီမိုကရေစီမသွတ်သွင်းသင့်ကြောင်းဖြင့် ပြောကြားလိုက်သည်။

အင်တာနက်။

အီရတ်ဓာတ်ငွေ့ပိုက်လိုင်း ဖောက်ခွဲခံရ

ကယ်ကွတ် ဇူလိုင် ၈

အီရတ်နိုင်ငံအလယ်ပိုင်းနှင့် မြောက်ပိုင်းရှိ လျှပ်စစ်ဓာတ်အားပေး စက်ရုံများကို ဖြည့်ဆည်းပေးနေသော ဓာတ်ငွေ့ပိုက်လိုင်းကို ရေနံမြို့ ကယ်ကွတ်အနီး၌ ဖျက်ဆီးမီးရှို့ခံရသဖြင့် ဓာတ်အားဖြန့်ဖြူးမှု ထိခိုက်နိုင်ကြောင်းဖြင့် စွမ်းအင်အရာရှိများက သတိပေးသည်။

အီရတ်နိုင်ငံ၏ လောင်စာဆီတင် ထရပ်ကားများနှင့် ပိုက်လိုင်းများကို အီရတ် ခုခံတိုက်ခိုက်ရေးသမားများက တိုက်ခိုက်သည့်အတွက် လွန်ခဲ့သည့် သုံးရက်က ဓာတ်အား ဖြန့်ဖြူးမှုကို အကြီးအကျယ် ထိခိုက်ကြောင်း အီရတ်ကြားဖြတ်အစိုးရ ဝန်ကြီးချုပ် အလာဝီက သတိပေးပြောကြားပြီး နာရီပိုင်းအတွင်းမှာပင် ယခုကဲ့သို့ ဓာတ်ငွေ့ပိုက်လိုင်းက ဖောက်ခွဲဖျက်ဆီး ခြင်းခံရခြင်းဖြစ်သည်။ ***အင်တာနက်။***

လုံခြုံရေးစောင့်ကြပ်

ဇူလိုင် ၇ ရက်က ဘဂ္ဂဒက်မြို့ လမ်းတစ်လမ်းပေါ်တွင် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အောင်ဆန်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ၁၀ ရက်စခန်း

ရန်ကုန် ဇူလိုင် ၁၀

အင်းစိန်မြို့နယ် အောင်ဆန်းတောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ (၇၇)၌ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရိပ်သာပဓာန နာယက မဟာကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရသည် စက်တင်ဘာ၂ ရက်မှ ၁၁ ရက်ထိ ၁၀ ရက်တရားစခန်းကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများ စက်တင်ဘာ ၁ ရက် ညနေလာရောက်ကြရန်နှင့် အကျိုးဆောင်အဖွဲ့ ဖုန်း–၆၄၁၉၆၆ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

ခြိုးခြံချွေတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

မြှင့်အားကြောင့် မြင့်မားလာသော လှိုင်လင်ခရိုင်(၂)

ရတနာစည်ဆရာတော်(လှိုင်လင်)

(က)

"နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီး သုံးရပ်ဖြစ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီးများ စီမံကိန်းနှင့် ကျေးလက်ဒေသ လုပ်ငန်းစဉ်ကြီး ငါးရပ်စီမံကိန်းတို့ကို စနစ်တကျ ပေါင်းစပ်ပြီး တစ်နိုင်ငံလုံး၌ ဖြန့်ကြက်အကောင်အထည်ဖော် ဆောင်ရွက်ပေးနေကြောင်း။

"လှိုင်လင်ခရိုင် ၁၁ မြို့နယ်ကိုလည်း ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခုတွင် အထူးဒေသကြီးတစ်ခုအဖြစ် ထည့်သွင်းသတ်မှတ်ပြီး ဖွံ့ဖြိုးရေးအထူးဒေသကြီး များ စီမံကိန်း၏ အင်္ဂါရပ်များနှင့်အညီ လမ်းပန်းဆက်သွယ်ရေး၊ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေး ရေး အစီအမံများကို နိုင်ငံတော်ဘဏ္ဍာငွေကြေး မြောက်မြားစွာကျခံပြီး စီမံ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

"ကျန်းမာရေးကဏ္ဍတွင် လှိုင်လင်ခရိုင် ၁၁ မြို့နယ်လုံးရှိ မြို့နယ်ဆေးရုံ များကို (၁၆)ခုတင်ဆံ့ဆေးရုံအဆင့်မှ(၂၅)ခုတင်ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ပေး ခြင်း၊ တိုက်နယ်ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနများကို အဆင့် တိုးမြှင့်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့သလို လှိုင်လင်ခရိုင် ပြည်သူ့ဆေးရုံကြီး ကိုလည်း ခုတင် (၂၀၀)ဆံ့ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်ပေးခဲ့ပြီးဖြစ်ကြောင်း"

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်
လှိုင်လင်မြို့ နဝရတ်ခန်းမမိန့်ခွန်း
ဆဋ္ဌမအကျော့ လှိုင်လင်ခရိုင်ခရီးစဉ် (၂၄–၅–၂၀၀၄)

(ခ)

ခုတင် (၂၀၀)အထွေထွေရောဂါကုဆေးရုံကြီး

လှိုင်လင်ခရိုင် လှိုင်လင်မြို့ ကို ၁၉၀၂ ခုနှစ်၌ စတည်ခဲ့သည်ဟုဆိုလေရာ လှိုင်လင်မြို့သက် ရာပြည့် တော့မှပင် လှိုင်လင်ဆေးရုံသည် ထိုက်ထိုက်တန်တန် ခုတင် (၂၀၀) အထွေထွေရောဂါကုဆေးရုံကြီးအဖြစ် ထီးထီးမားမား ထွန်းပြူလာ နိုင်တော့၏။ ယခင်ကာလများတုန်းကတော့ လှိုင်လင်ဆေးရုံသည် ကပ်ကျော် ဆေးရုံဖြစ်ခဲ့၏။ တကယ့် သေကောင်ပေါင်းလဲရောဂါကြီးများအတွက် လှိုင်လင် ဆေးရုံက အားကိုးရာ အားထားရာအဖြစ် မရပ်တည်နိုင်သဖြင့် လှိုင်လင် ဆေးရုံကို ကပ်ကျော်ကာ တောင်ကြီးမြို့ဆေးရုံကြီးသို့သာ အားကိုးခြင်းကြီးစွာ၊ မျှော်လင့်ခြင်းကြီးစွာ အရောက်သွားခဲ့ကြရသောကြောင့်ဖြစ်၏။

သို့တိုင် လှိုင်လင်–တောင်ကြီးခရီးက မိုင် ၆၀ ခန့်ဝေးကွာနေသောကြောင့် လမ်းပေါ်မှာ၊ ယာဉ်ပေါ်မှာပင် အသက်ပျောက်ကြရသူများ၊ လမ်းကြမ်းကြမ်း ခရီးပန်းဒဏ်ကြောင့် တောင်ကြီးမြို့ ဆေးရုံကြီးသို့ ရောက်ရသော်လည်း အသက်ကယ်ရန် မမီတော့သူများ စသည် များ––များတို့ကလည်း ရင်နင့် ခြင်းမှတစ်ပါး အခြားမရှိ ဖြစ်ခဲ့ကြရပါကုန်၏။ ဤသည် လှိုင်လင်ခရိုင်သား တို့၏ ခံစားချက်စစ်စစ်များပါတည်း။

ယင်းသို့သော ခံစားချက်တွေ ကင်းပျောက်စေကာ မျှော်လင့်ချက်တွေ လင်းလက်စေလျက် မကြွေသင့်သူ မကြွေစေရေးအတွက် ကျန်းမာရေးခံတပ်ကြီး တည်ဆောက်ပေးသောအသွင် လှိုင်လင်ခရိုင်သားတို့၏ အကျိုးအလို့ငှာ လှိုင်လင်မြို့မှာ ခုတင် (၂၀၀) အထွေထွေရောဂါကု ဆေးရုံကြီးကို နိုင်ငံတော် အစိုးရက တည်ဆောက်ပေးပြီး ခေတ်မီရောဂါ ရှာဖွေနည်းဖြင့် တစ်ကိုယ်လုံးရှိ ရောဂါစုံကို ရှာဖွေနိုင်လျက် ခေတ်မီကုသနည်းဖြင့် လျင်မြန်စွာ ကုသကယ်မ လာနိုင်သော ယနေ့အခြေအနေတွင် လှိုင်လင်ခရိုင်သားတို့က "ရောဂါလား– လှိုင်လင်ဆေးရုံကြီးရှိတယ်"ဟုပင် ကြွေးကြော်နေကြပေပြီ။

(ဂ)

ဤခုတင် (၂၀၀) အထွေထွေရောဂါကု ဆေးရုံသစ်ကြီး တည်ဆောက်ရန် နေရာရွေးချယ်ပေးသည်မှစ၍ တည်ဆောက်ဆဲကာလများ၌လည်းကောင်း၊ တည်ဆောက်ပြီးနောက် အရည်အချင်းပြည့် ဆေးရုံအုပ်ကြီးနှင့် သမားတော် များ၊ အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊ ဆေးပညာရှင်များ၊ သူနာပြုများ စသည့် ကျန်းမာရေးဝန်ထမ်းများ စေလွှတ်လျက် တာဝန်ထမ်းဆောင်ရန် ပံ့ပိုးမှုကာလများ၌လည်းကောင်း နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သည် လှိုင်လင်ခရိုင် ခရီးစဉ်တိုင်း၌ ဆေးရုံကြီးသို့ အချိန်ပေးဝင်ရောက်ကာ လိုအပ်ရာရာများ ဖြည့်ဆည်းပေးခဲ့သည်ချည်းဖြစ်ရာ ယခု လှိုင်လင်ခရိုင် မြှင့်အားတင်ခရီး ဆဋ္ဌမအကြိမ်၌လည်း လှိုင်လင်ဆေးရုံကြီးသို့ ဝင်ရောက် ကြည့်ရှုစစ်ဆေး အားပေးမြှင့်တင်ခဲ့ပြန်ပါသည်။

၂၄–၅–၂၀၀၄ ရက်နေ့ ညနေချမ်းအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များနှင့်အတူ ခုတင် (၂၀၀) အထွေထွေ ရောဂါကုဆေးရုံကြီးသို့ ရောက်ရှိလာစဉ် ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန်း အမှူးပြုသော အထူးကုဆရာဝန်များ၊ သမားတော်များ၊ ဆရာဝန်များက ကြိုဆို ကြပြီး တိုးတက်ဖြစ်ပေါ်မှုများကို တင်ပြကြလေ၏။ ယင်းတင်ပြချက်များထဲမှ အချက်နှစ်ချက်မှာ နိုင်ငံတော်ဝန်ကြီးချုပ်၏ နှလုံးသည်းပွတ်ကို ဆွတ်ဆွတ်ပျံ့ ကြည်နူးစေလိမ့်မည်ဟု ကောက်ချက်ပြုနိုင်မည်ဖြစ်၏။

ပထမတစ်ချက်မှာ ယခု ခုတင် (၂၀၀) အထွေထွေရောဂါကုဆေးရုံကြီး၌ သောက်သုံးရေ အလျှံပယ်ရရှိနေပြီဖြစ်ကြောင်း တင်ပြချက်ဖြစ်၏။ ယခင်တုန်း ကတော့ လှိုင်လင်ဆေးရုံ၌ ဝန်ထမ်းကလည်း နည်းနည်း ပါးပါး၊ ဆေးရုံ အားကိုးသူတို့ကလည်း နည်းနည်းပါးပါး၊ ရေရရှိမှုကလည်း နည်းနည်း ပါးပါးသာဖြစ်ခဲ့ပြီး ယခု ခုတင် (၂၀၀) ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင် ပေးလာသောအချိန်တွင်မူ အဆောက်အအုံကြီးကလည်း ကြီးကြီးမားမား၊ ဆေးရုံ ဝန်ထမ်းများကလည်း အများအပြား၊ ဆေးရုံကြီးကို အားကိုးတကြီး တက်ရောက် ကုသခံကြသည့် လူနာများကလည်း တိုးတိုးပွားပွား ဖြစ်လာနေတော့ရာ အဓိကအခက်အခဲအဖြစ် ကြုံတွေ့လာရသော အခက်အခဲမှာ ရေအခက်အခဲ ဖြစ်ပါလေတော့၏။

ယင်းရေအခက်အခဲကို နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် လှိုင်လင်ခရိုင် ပဉ္စမအကျော့ခရီးစဉ်(၁–၁၀–၂၀၀၃ ရက်နေ့)တုန်းက ဆေးရုံ အုပ်ကြီး ဒေါက်တာမျိုးသန်းက နိုင်ငံတော်ဝန်ကြီးချုပ်ထံတင်ပြခဲ့ရာ အဖွဲ့ဝင် အဖြစ်လိုက်ပါလာသော နယ်စပ်/စည်ပင် ဒုတိယဝန်ကြီးဗိုလ်မှူးကြီးတင်ငွေ ကို ရေရရှိရေးဆောင်ရွက်ပေးရန် နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်ခဲ့ပါသည်။

ယင်းလမ်းညွှန်ချက်အရ ရက်ပိုင်းအတွင်းမှာပင် ရှမ်းပြည်နယ် စည်ပင် သာယာရေးအဖွဲ့ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးဗျားနီးကိုယ်တိုင် လှိုင်လင်မြို့သို့ ရောက်ရှိလာကာ ကွင်းဆင်းလေ့လာမှုများပြုလုပ်ပြီး ရှမ်းပြည်နယ် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်ထံ တင်ပြသောအခါ ပထမဦးစားပေးစီမံမှုအရ ရေအရင်း အမြစ်ဦးစီးဌာနပိုင် စက်ရေတွင်းတူးယာဉ်ကြီးကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က လှိုင်လင်မြို့သို့ ပို့ဆောင်ပေးခဲ့ပြီး မြေအောက် ရေရရှိရေးဆောင်ရွက်ပေးခဲ့ပါသည်။ သို့သော် လှိုင်လင်မြို့တည်နေပုံ ပထဝီ အနေအထားက မြေသားပေ ၁၅၀ မှ ၂၀၀ အောက်တွင် ကျောက်သားထုများခံနေ သည့်အပြင် ယင်းကျောက်သားထုတည်နေပုံမှာ ကလိုင်(လိုဏ်ဂူ)ပုံဖြစ်နေကာ ယင်းဂလိုင်ထဲ၌ ရေမရှိခြင်းနှင့် ကလိုင်အောက်ကျောက်သားထုအရောက် ဆက်လက်တူးရန် မဖြစ်နိုင်ခြင်းတို့ကြောင့် အကြိမ်ကြိမ် နေရာရွှေ့ပြောင်းတူး သည့်တိုင်အောင် မြေအောက်ရေရရှိရေး အခြေအနေမပေးခဲ့ပါ။

ထို့ကြောင့် ဒုတိယဦးစားပေးစီမံမှုအရ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၏ စီစဉ်မှုဖြင့် လှိုင်လင်မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းဦးဆောင်လျက် လှိုင်လင်မြို့မှ သုံးမိုင်ခွဲ ခန့်ဝေးကွာသည့် နောင်တောင်းရေထွက်ကန်မှ သီးခြားရေပိုက်လိုင်း တစ်လိုင်း ဆေးရုံကြီးအရောက်သွယ်ယူရေးကို ကွင်းဆင်းတိုင်းတာ တွက်ချက် သောအခါ ပေ ၁၈၀၀၀ ခန့် ရေပိုက်သွယ်ယူရန် ကုန်ကျငွေကျပ် ၁၄၅ ဒသမ ၂ သိန်းခန့် ကုန်ကျမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ယင်းအခြေအနေကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေး ဦးစီးဌာနသို့ တင်ပြသောအခါ ကုန်ကျငွေကိုခွဲဝေပေးအပ်သဖြင့် လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ လုပ်ငန်းအပ်နှံခဲ့ရာ ၃၀–၃–၂၀၀၄ ရက်နေ့၌ လုပ်ငန်း စတင်ဆောင်ရွက်၍ ၂၂–၄–၂၀၀၄ ရက်နေ့တွင် လုပ်ငန်းများလုံးဝပြီးစီးခဲ့ကာ ၂၃–၄–၂၀၀၄ ရက်နေ့မှာ လှိုင်လင်မြို့ ခုတင် (၂၀၀) အထွေထွေရောဂါကု ဆေးရုံကြီးအတွက် သန့်ရှင်းသော သောက်သုံးရေအလျှံပယ်ရရှိခဲ့ပါသည်။

ထိုနေ့မှစ၍ ဆေးရုံကြီးနှင့် ပတ်သက်ဆက်စပ်ကြသူအားလုံးတို့အဖို့ ရေဒုက္ခကင်းဝေးပြီး ရေကိစ္စရေလိုအေးကြရပါတော့၏။ ရေကိစ္စ ရေလိုအေးကြ ရသည့် တစ်လတင်းတင်းပြည့်သော ၂၄–၅–၂၀၀၄ ရက်နေ့တွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဆဋ္ဌမအကျော့အဖြစ် လှိုင်လင်မြို့ ခုတင် (၂၀၀) အထွေထွေရောဂါကုဆေးရုံကြီးသို့ ကြည့်ရှုစစ်ဆေးမြှင့်အားပေးခရီး ရောက်ရှိလာချိန်ဝယ် နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ရေကိစ္စ ရေလိုအေးရပါ တော့၏။

(ဃ)

ဤခုတင် (၂၀၀) ဆေးရုံသစ်ကြီးတည်ဆောက်ရေးလုပ်ငန်းကို နောင်တုံ ကုမ္ပဏီက တာဝန်ယူတည်ဆောက်ပေး၏။ ၂၇–၅–၂၀၀၂ ရက်နေ့တွင် စတင် ဆောက်လုပ်ပြီး ၁၁–၂–၂၀၀၃ ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ကိုယ်တိုင် (လှိုင်လင်ခရိုင် စတုတ္ထခရီးစဉ်၌) ဖွင့်လှစ်ပေးခဲ့၏။

အထွေထွေရောဂါကုပင်မဆောင်ကြီး (၂–ထပ်)ကိုသံကူကွန်ကရစ် ကြမ်းခင်း ဧရိယာ ၂၀၆၃၀ စတုရန်းပေဖြင့် ခံ့ညားထည်ဝါစွာ တည်ဆောက်ထားပြီး ခွဲစိတ် ဆောင် (၃–ထပ်)ကိုလည်း သံကူကွန်ကရစ်ကြမ်းခင်းဧရိယာ ၂၆၂၇၂ ပေဖြင့် ခိုင်ခံ့ကြီးမားစွာ တည်ဆောက်ထားကာ ယင်းအဆောက်အအုံနှစ်ခုကို ဆက်သွယ် ပေးသည့် စင်္ကြံလျှောက်လမ်း(၂–ထပ်)ကိုလည်း သံကူကွန်ကရစ်ကြမ်းခင်း ဧရိယာပေ ၁၂၀၀ တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထား၏။

ယခုအခါ ပိုက်ရေကို လှောင်ထားနိုင်ရန် ဂါလန် ၈၀၀၀ ဆံ့ အုတ်ရေကန် တစ်လုံး မြေပြင်၌တည်ဆောက်ထားပြီး ထိုကန်မှရေကို မော်တာဖြင့်စုပ်တင် ကာ ဆေးရုံသစ် အဆောက်အအုံအတွင်းရှိ လူနာဆောင်၊ ခွဲစိတ်ဆောင်၊ ရေချိုး ခန်း၊ သန့်စင်ခန်းစသည်တို့သို့ ရေဖြန့်ဝေပေးနိုင်ရန် အပေါ်ရေကန်တစ်လုံးကို လည်း သံကူကွန်ကရစ်တိုင်လေးလုံး၊ အမြင့်ပေ ၃၅ ပေအထက်တွင် တည်ဆောက် ထားပြီးဖြစ်ရာ ဆေးရုံသစ်ကြီးအဆောင်တိုင်း၌ ရေဖောဖောသီသီ သုံးနိုင်ကြ ပေပြီ။

ထို့ပြင် ဆေးရုံသစ်ကြီးနှင့် မနီးမဝေးရှိ ဆေးရုံအုပ်ကြီးနေထိုင်ရာ အိမ်ဝိုင်းအတွင်း၌ သမားတော်များ၊ အထူးကုဆရာဝန်များ၊ ဆရာဝန်များ မိသားစုအလိုက်နေထိုင်နိုင်ရန် အလျား ၁၁၂ ပေ၊ အနံ ၂၅ ပေရှိ သံကူကွန်ကရစ် သုံးထပ် တိုက်နှစ်လုံးကိုလည်း တည်ဆောက်ထားပြီးဖြစ်ရာ တစ်ထပ်တစ်ထပ်၌ မိသားစုလေးစု ကျယ်ကျယ်ပြန့်ပြန့် နေထိုင်နိုင်ရန် အလျား ၂၈ ပေ၊ အနံ ၂၅ ပေ အခန်းလေးခန်း ဖွဲ့ထားပြီး အခန်းတိုင်း၊ အထပ်တိုင်း ရေရရှိစေရန် ဂါလန် ၃၂၀၀ ဝင် ရေလှောင်ကန်တစ်ကန်နှင့် ဂါလန် ၃၂၀၀ ဝင် အထက်ရေဝေကန် တစ်ကန်ကိုပါ တည်ဆောက်ထားသဖြင့် နေရေးရော ရေအရေးပါ ရေလိုအေး ကြရပါကုန်၏။ ဤတည်ဆောက်မှုအားလုံးကို နိုင်ငံတော်၏ တာဝန်ပေးအပ်မှု အရ နောင်တုံကုမ္ပဏီဥက္ကဋ္ဌ ဦးစိုင်းတစ်အောင် ဦးဆောင်၍မန်နေဂျာ ဦးကျော်ညွန့်နှင့် ဦးစိုင်းအွန်ခမ်းတို့က ကြီးကြပ်လျက် အင်ဂျင်နီယာချုပ် ဦးတင်ထွန်းနှင့် အင်ဂျင်နီယာ ဦးထွန်းနိုင်တို့က စေတနာအပြည့်ဖြင့် ဆောင်ရွက် ကြပါကုန်၏။

ဖော်ပြပြီးသောအတိုင်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ ရေကိစ္စ ရေလိုအေးရပြီဖြစ်ပါကြောင်း တင်ပြပြီးနောက် ဆက်လက်၍ ဒုတိယ တင်ပြချက်မှာ လှိုင်လင်မြို့ ခုတင်(၂၀၀) အထွေထွေရောဂါကု ဆေးရုံကြီးမှ သမားတော်များ၊ ခွဲစိတ်ကုဆရာဝန်များက လှိုင်လင်ခရိုင်အတွင်းရှိ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများကို ခွဲစိတ်ကုသပေးမှုနှင့် အောင်မြင်မှု ဆိုင်ရာ တင်ပြချက်ဖြစ်ပါသည်။

(င)

လှိုင်လင်ခရိုင်အတွင်းရှိ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား လှိုင်လင် ခုတင် (၂၀၀) ဆေးရုံကြီး၌ပင် အခမဲ့ခွဲစိတ်ကုသပေးနိုင်ရန်အလို့ငှာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်း တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်တောင်ကြီးမြို့ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက တိုင်းမှူး၏ ဇနီး ဒေါ်ဝင်းဝင်းနုတို့၏ ဦးဆောင်မှု၊ လှိုင်လင်ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယကများဖြစ်ကြသည့် လှိုင်လင် တပ်နယ်မှ ဗိုလ်မှူးကြီးသောင်းအေး၏ဇနီး ဒေါ်သင်းမျိုးမျိုးအောင်နှင့် ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးဝင်းတင့်၏ဇနီး ဒေါ်ထွေးထွေးလှတို့၏ အနီးကပ်ကြီးကြပ်မှု၊ အလှူရှင်များ၏ စေတနာထားရှိမှုတို့ဖြင့် ၁၈–၅–၂၀၀၄ ရက်နေ့မှ ၃၀–၅– ၂၀၀၄ ရက်နေ့အထိဆောင်ရွက်ခဲ့သော အားနည်းသူကို ဝိုင်းကူပေးသည့် ကရုဏာ လုပ်ငန်းဖြစ်၏။

မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသရေး၌ ဦးဆောင်သူများမှာ ဒေါက်တာစိုင်းခမ်းလှိုင် (ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး) နှင့် ဒေါက်တာမျိုးသန်း[ခုတင်(၂၀၀) အထွေထွေရောဂါကုဆေးရုံအုပ်ကြီး] တို့ဖြစ်ပြီး ဒေါက်တာမောင်မောင်တင် (အထူးကုဆရာဝန်ကြီး မေ့ဆေး)နှင့် ဒေါက်တာအောင်ကျော်မိုး(လ/ထဆရာဝန်မေ့ဆေး)တို့က မေ့ဆေးပေးရာ၌ တာဝန်ယူကြကာ ဒေါက်တာသီဟမောင်၊ ဒေါက်တာတင်အောင်၊ ဒေါက်တာ ဒေါ်ခင်ဇော်၊ ဒေါက်တာခွန်အောင်မြင့်တို့က ခွဲစိတ်မှု၌ တာဝန်ယူကြလျက် သူနာပြုဆရာမကြီး ဒေါ်ဗစ်တိုးရီးယားနှင့် တာဝန်ကျသူနာပြုဆရာမများက အထွေထွေတာဝန်ယူကြသကဲ့သို့ သမားတော်ဒေါက်တာဒေါ်ဖြူဖြူအေးက ခွဲစိတ်ခံမည့်လူနာများကို ကျန်းမာရေးစစ်ဆေးပေးမှု၊ ဓာတ်မှန်ဆရာဝန်ကြီး ဒေါက်တာသန်းဦးက လူနာများကို ဓာတ်မှန်နှင့်အာထရာဆောင်းရိုက်ပေးမှု၊ ဓာတ်ခွဲခန်းတာဝန်ခံဦးညီညီဦးက မခွဲစိတ်မီ လူနာများကိုသွေးစစ်၊ ဆီးစစ်ပေးမှု တို့ဖြင့် တက်ညီလက်ညီပီပီပြင်ပြင် အောင်မြင်စွာ ဆောင်ရွက်နိုင်ကြပါသည်။

ထို့ကြောင့်ပင် ခွဲစိတ်ပေးပြီးဖြစ်သော လူနာ ၁၉ ဦးလုံး နှုတ်ခမ်း ကောင်းမွန်စွာ လှုပ်ရှားနိုင်ခြင်း၊ အစားအစာကောင်းစွာ စားသောက်နိုင်ခြင်း၊ စကားပီသစွာ ပြောဆိုနိုင်ခြင်း၊ နှုတ်ခမ်းညီညာမှုရှိခြင်း၊ လူကောင်းနှင့်မခြား နှုတ်ခမ်းသားလှပလာခြင်း၊ လှပစွာပြုံးနိုင်ခြင်းဟူသော ကောင်းကျိုးရလဒ် များသာဖြစ်ထွန်းပြီး ခွဲစိတ်စဉ် ဖိတ်စဉ်ခြင်း၊ ခွဲစိတ်ပြီးချုပ်ရိုးပြန်ကွဲထွက် ခြင်း၊ ခွဲစိတ်မှုမအောင်မြင်ခြင်းဟူသော ဆိုးကျိုးရလဒ် တစ်စုံတစ်ရာမရှိခဲ့ပါ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယင်းတင်ပြချက်များ ကို ကြားသိပြီးနောက် ချက်ချင်းပင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ခွဲစိတ်ပြုပြင်ပြီးထားရှိရာ လူနာဆောင်သို့ သွားရောက်ကြည့်ရှုရင်း လူနာများ ကိုရော မိဘများကိုပါ အားပေးစကားပြောကြားပါ၏။ အခြားသောလူနာဆောင် များသို့လည်း လှည့်လည်ကြည့်ရှုကာ အားပေးစကားပြောကြားပါ၏။ ထိုမှ ဆေးရုံအုပ်ကြီးနှင့်တကွ ဆရာဝန်၊ ဆရာမများကို အားပေးစကား ပြောကြား ပြီးနောက် နှုတ်ဆက်ကာ ဆေးရုံကြီးမှ ပြန်လည်ထွက်ခွာလာခဲ့ပါကုန်၏။

ဆေးရုံကြီးမှ အပြန်ခရီးဝယ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၏ စိတ်အစဉ်၌ "တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး" ဟူသော နိုင်ငံတော် ၏ လူမှုရေးဦးတည်ချက် အက္ခရာများသရုပ်သကန်နှင့် စကားပြောသံတို့ကို ကြားယောင်ကာ ဝမ်းသာကြည်နူးနေမည်မှာ ကြည့်တတ်သူ မြင်နေရမည်ဖြစ် သကဲ့သို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၏ ရင်မှာလည်း ဤပြည်နယ် ဤဒေသအတွင်း ဤသို့သော မြင့်မားခြင်းရလဒ်ကြောင့် ပီတိ လှိုင်းလှုပ်ခတ်နေမည်မှာ ကြည့်တတ်သူ မြင်ရပါလိမ့်မည်။

(စ)

နိုင်ငံတော်အစိုးရ၏ မြှင့်အားကြောင့် မြင့်မားလာသော လှိုင်လင်ခရိုင်၏ ယနေ့အနေအထားသည် ဝင့်ဝင့်ကြွားကြွား စွင့်စွင့်ကားကား ပွင့်ထွားလျက် ရှိနေပါတော့သတည်း။ ။

ဖွံ့ဖြိုးစည်ပင် နယ်စပ်တစ်ခွင်

တိုင်းရင်းသားပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည့် တနင်္သာရီတံတားကို တွေ့ရစဉ်။ (တနင်္သာရီတံတားမှာ အရှည်ပေ ၁၃၆၀ရှိပြီး ရန်ကုန်–မော်လမြိုင်–ရေး–ထားဝယ်–မြိတ်–တနင်္သာရီ–ဘုတ်ပြင်း–ကော့သောင်းလမ်းပေါ်တွင် တည်ရှိသည်။)

(ဓာတ်ပုံ–ဆောက်လုပ်ရေး)

နယ်စပ်ဒေသမှ တိုင်းရင်းသားလူငယ်များ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားနိုင်ရေးအတွက် ချင်းပြည်နယ် ဖလမ်းမြို့တွင် တည်ဆောက်ဖွင့်လှစ်ထားသည့် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းကို တွေ့ရစဉ်။

(ဓာတ်ပုံ–နယ်စပ်/စည်ပင်)



ကယားပြည်နယ်မှ တိုင်းရင်းသားပြည်သူများ အခြားဒေသများသို့ အလွယ်တကူ ဆက်သွယ်နိုင်ရေးအတွက် တည်ဆောက်ပေးထားသည့် လွိုင်ကော်မြို့ မိုက္ကရိုဝေ့ဗ်စခန်းကို တွေ့ရစဉ်။

(ဓာတ်ပုံ–ကြေးမုံ)

တိုင်းရင်းသားပြည်သူများ ဆက်သွယ်သွားလာရေး အဆင်ပြေရန် ဖောက်လုပ်ပေးထားသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့အဝင် ပြည်ထောင်စုလမ်းမကြီးကို ဤသို့ ညီညာဖြောင့်ဖြူးစွာ တွေ့ရသည်။

(ဓာတ်ပုံ–ငွေအောင်၊ ကြေးမုံ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်နှင့် စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

● **ရှေ့ဖုံးမှ**

အဆိုပါအခမ်းအနားများသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းကျန်းမာရေး ဦးစီးဌာနမှူး၊ ဆေးရုံတာဝန်ခံဆရာဝန်နှင့် ဆရာဝန်များ၊ သူနာပြုဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘဆရာအသင်းဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မင်္ဂလာစည်တော်အဖွဲ့၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ ကျောင်းသား၊ ကျောင်းသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြည်သူ့ဆေးရုံ ဖွင့်ပွဲအခမ်းအနားကို နံနက် ၉နာရီမိနစ်၂၀တွင် (၈၇)ရပ်ကွက်ရှိ အဆိုပါဆေးရုံရှေ့ မျက်နှာစာ၌ကျင်းပသည်။

ဖွင့်လှစ်ပေး

အစီအစဉ်အရ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးတို့က ဖဲကြိုးဖြတ်၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြည်သူ့ဆေးရုံကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဆေးရုံဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မဈေူသကပင်ကို ပြည်သူ့ဆေးရုံရှေ့၌ စိုက်ပျိုးပေးသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အမျိုးသမီးလူနာဆောင်၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ အမျိုးသားလူနာဆောင်၊ ဓာတ်ခွဲခန်းနှင့် ဆေးရုံအဆောက်အအုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါ ပြည်သူ့ဆေးရုံမှာ အလျား ၁၂၂ပေ၊ အနံ၁၀၄ပေရှိ RC အမျိုးအစား တစ်ထပ်ဖြစ်ပြီး ၁၆ခုတင်ဆံ့ ဆေးရုံဖြစ်ကြောင်း သိရသည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲ

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များသည် (၁၆၈)ရပ်ကွက်ရှိ အမှတ်(၇) အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိကြပြီး အဆိုပါကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ထို့နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၇)အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို အဆိုပါ ကျောင်းဆောင်သစ်ရှေ့မျက်နှာစာ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းတို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ကျောင်းခန်းမ၌ ပြည်သူ့ဆေးရုံနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနား အစီအစဉ်များကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်းက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြည်သူ့ဆေးရုံနှင့် အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် လွန်ခဲ့သည့် ၁၆နှစ်တာကာလ ရန်ကုန်မြို့တော်ကြီး၏ အခြေအနေကိုပြန်ပြောင်းကြည့်လျှင် မြို့တော်၏ နေရာအနှံ့အပြား၌ ရရာအိမ်ဆောက်ပစ္စည်းဖြင့် ဖြစ်ကတတ်ဆန်းဆောက်လုပ်ထားသည့် အိမ်ရာမဲ့ ပြည်သူများ၏ ကျူးကျော်တဲအိမ်များကို အမြောက်အမြား တွေ့မြင်ကြရမှာ ဖြစ်ကြောင်း၊ ရာဇဝတ်မှုထူပြောခြင်း၊ မီးမကြာခဏလောင်ကျွမ်းခြင်း၊ ကျန်းမာရေးအဆင့်အတန်းနိမ့်ကျခြင်း စသည့်အနိဋ္ဌာရုံများနှင့် ရန်ကုန်မြို့သည် မြို့တော်အင်္ဂါရပ်များနှင့်မညီသည့်အခြေအနေမှာ ရှိနေခဲ့ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏တာဝန်ကိုယူပြီးသည့်နောက် ရန်ကုန်မြို့၌ရှိသည့် အိမ်ရာမဲ့ပြည်သူများ၏ နေရေးပြဿနာကို စနစ်တကျ ဖြေရှင်းပေးနိုင်ရန် နည်းလမ်းရှာဖွေဆောင်ရွက်ပေးခဲ့ကြောင်း၊ ရွှေပြည်သာ မြို့သစ်၊ လှိုင်သာယာမြို့သစ်၊ ဒဂုံမြို့သစ် အစရှိသည့် မြို့သစ်များကို ရန်ကုန်မြို့နှင့် တစ်ဆက်တစ်စပ်တည်း တိုးချဲ့တည်ဆောက်ပြီး များပြားလှသည့် အိမ်ရာမဲ့ပြည်သူများကို အိမ်ပိုင်ရာပိုင်ဘဝသို့ ရောက်ရှိစေခဲ့ပါကြောင်း။

စနစ်တကျအကောင်အထည်ဖော်

နိုင်ငံတော်အစိုးရက မြို့သစ်များတည်ဆောက်ရာ၌ မြို့ပြစီမံကိန်းများ စနစ်တကျရေးဆွဲပြီးမှ တည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ လက်တွေ့အကောင်အထည်ဖော်ရာ၌လည်း နှစ်စဉ်စီမံကိန်းများနှင့် ရေရှည်တိုးတက်စေရန် ရည်ရွယ်လျက် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် မြို့သစ်များတည်ဆောက်ပြီးသည့်နောက်တွင် တစ်နှစ်ထက်တစ်နှစ် ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး မြို့အင်္ဂါနှင့် ညီညွတ်သည့် မြို့များဖြစ်လာစေရန် အခြေခံအဆောက်အအုံများကို နှစ်စဉ် အဆင့်မြှင့်တင်ပေးလျက်ရှိပါကြောင်း၊ မြို့သစ်နေပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုရေး၊ စီးပွားရေး ဝန်ဆောင်မှုအဆောက်အအုံများကိုလည်း တိုးချဲ့ဖြည့်ဆည်း ပေးလျက်ရှိပါကြောင်း။

အထူးသဖြင့် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်ကို အကောင်အထည်ဖော်ခြင်းသာမက မြို့သစ်နေပြည်သူများ အလုပ်အကိုင်နှင့် ဝင်ငွေတိုးပွားစေရန် အတွက် စက်မှုဇုန်၊ စက်မှုမြို့များကိုလည်း တည်ဆောက်ပေးခဲ့ပါကြောင်း။

အဆင့်မြှင့်ဖောက်လုပ်

ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)သည် စုစုပေါင်းဧရိယာ ၃၂၃သမ၉၇၃ စတုရန်းမိုင်ကျယ်ဝန်းပြီး ရပ်ကွက်ပေါင်း ၃၅ရပ်ကွက်၊ အိမ်ထောင်စုပေါင်း ၁၃၂၅၈စု၊ လူဦးရေ ၇၀၀၀၀ခန့် နေထိုင်လျက်ရှိပါကြောင်း၊ ပဲခူးမြစ်ကမ်း၌ တည်ရှိသည့်အလျောက် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေတံခါးများ တည်ဆောက်ပြီး ကမ်းပတ်တာနှင့် လမ်းမကြီးပတ်လမ်းအဖြစ် နှစ်မျိုးသုံးရန် ဖောက်လုပ်ထားသည့် ဆိပ်ကမ်းသာလမ်းနှင့် ပဲခူးမြစ်လမ်း၊ ရတနာလမ်း၊ မြနန္ဒာလမ်း၊ ရွှေလီလမ်း၊ ဒုဋ္ဌဝတီလမ်း၊ ပုဏ္ဏမီလမ်း၊ ကွမ်းအပ်သားမင်းသားလမ်း၊ ကနောင်မင်းသားကြီးလမ်း၊ ကျန်စစ်သားလမ်း စသည့်လမ်းအသီးသီးကို ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ထားပြီးဖြစ်ပါကြောင်း၊ ယခုအခါ ဒဂုံဆိပ်ကမ်းစက်မှုမြို့၊ ယုဇနဥယျာဉ်မြို့တော်နှင့် အမှတ်(၂)ရန်ကုန်–သန်လျင်တံတား တည်ဆောက်မှုတို့ကြောင့် အလွန်ပင်စည်ကားလျက်ရှိပါကြောင်း။

ယနေ့အခမ်းအနားကျင်းပရာ (၁၆၈)ရပ်ကွက် ဒဂုံမြို့သစ်မှာ လက်ရှိအနေအထားအရ အစွန်ဆုံးရပ်ကွက်တစ်ခုဖြစ်ပါကြောင်း၊ ဤရပ်ကွက်တွင် မိမိတို့ဌာနက ရေရရှိရေးအတွက် အဝီစိတွင်းများ၊ စာသင်ကျောင်း၊ စာဖတ်ခန်း၊ မူကြိုကျောင်း၊ ဈေး၊ လူနေဆိုင်ခန်း၊ Cover Market, Open Market၊ ဘုန်းတော်ကြီးကျောင်း၊ သိမ်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး စသည်များကို တည်ဆောက်ပေးခဲ့ပါကြောင်း၊ လမ်းများပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် စုစုပေါင်း ၂၂ပေအကျယ်၊ ရှစ်လက်မဒု ပေ ၄၉၀၀အရှည် ကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊





ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်း အတွက်အလှူရှင်များ၏လှူဒါန်းငွေများကိုလက်ခံစဉ်။ (သတင်းစဉ်)

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောက်လုပ်လှူဒါန်းသော ပြည်သူ့ဆေးရုံကိုတွေ့ရစဉ်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

နိုင်ငံတော်အကြီးအကဲနှင့်တကွ နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် နယ်စပ်အစွန်အဖျားနှင့် ကျေးလက်ဒေသများပါမကျန် အခြေခံဒေသများအထိ ကိုယ်တိုင်သွားရောက်ပြီး ပြည်သူအများ၏ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက် အဝဝကို ကူညီစောင့်ရှောက် ဖြည့်ဆည်းပေးနေခြင်းဖြစ်ကြောင်း။

ထောက်ကူပေးနေ

ယင်းကဲ့သို့ တောင်ပေါ်နှင့် မြေပြန့်၊ နယ်စပ်နှင့်အတွင်းပိုင်းဒေသများ ဟူ၍ ခွဲခြားမှုမရှိစေဘဲ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် စီမံဆောင်ရွက်ပေးနေခြင်းသည် တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် အားဖြည့် ထောက်ကူပေးနေခြင်းပင်ဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ပေးမှု များတွင် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ပေးမှုနှင့် လူငယ်လူရွယ်များ၏ ပညာရေးမြှင့်တင်ပေးမှုများကို မဖြစ်မနေ ထည့်သွင်း ဆောင်ရွက်ပေးလျက်ရှိသည်နှင့်အညီ ယနေ့ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၌ လည်း အကောင်အထည်ပေါ် ဖြစ်ထွန်းလာခြင်းဖြစ်ကြောင်း၊ ယင်းအတွက် ပညာရေးမိသားစု၏ ကိုယ်စားသော်လည်းကောင်း၊ ရပ်မိရပ်ဖများ၏ ကိုယ်စား သော်လည်းကောင်း နိုင်ငံတော်အစိုးရကို ကျေးဇူးအထူး တင်ရှိပါကြောင်း ပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ ပညာရေးကော်မ... ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီး... ဗိုလ်ချုပ်ကြီးခင်ညွန့် ဒဂုံမြို့... (ဆိပ်ကမ်း)မြို့နယ်၌ ပြည်... ဆေးရုံနှင့် ကျောင်းဆောင်... ဖွင့်ပွဲအခမ်းအနားတွင် ဒဂုံမြို့... (ဆိပ်ကမ်း) မြို့နယ်အတွ... အခြေခံပညာ မူလတန်းကျေ... များအတွက် ကျောင်းသုံး ဗ... စာအုပ်နှင့်ခဲတံများကို သက်ဆိုင်... ကျောင်းအုပ်ကြီးနှင့် ကျောင်းသ... ကျောင်းသူများအား ပေးအပ်...

(သတင်းစ...

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၈၇)ရပ်ကွက်ရှိ ပြည်သူ့ဆေးရုံဖွင့်ပွဲအပြီးတွင် ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

၎င်းအပြင် ဆေးပေးခန်း တစ်ခန်းလည်း တည်ဆောက်ပေးရန် စီစဉ်ဆောင်ရွက် ခဲ့ပါကြောင်း။

လမ်းညွှန်မှုပေးခဲ့

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌက (၁၆၈)ရပ်ကွက်သာမက ဆက်စပ်နေသည့် အခြားရပ်ကွက်များမှ ပြည်သူများအားလုံး၏ ကျန်းမာရေး အတွက် ဆေးပေးခန်းအဆင့်သာမဟုတ်ဘဲ ဆေးရုံတစ်ရုံ တိုးမြှင့်ဆောက်လုပ် ပေးရန် ၂၀၀၃ခုနှစ် ဇူလိုင် ၂၀ရက် အမက(၆) ကျောင်းဆောင်သစ် ဖွင့်ပွဲကို ကြွရောက်ချီးမြှင့်စဉ်က လမ်းညွှန်မှုပေးခဲ့ကြောင်း၊ ဗိုလ်ချုပ်ကြီး၏ လမ်းညွှန်ချက် နှင့်အညီ ယနေ့ဖွင့်လှစ်ခဲ့သည့် ခုတင် ၁၆လုံးဆံ့ ပြည်သူ့ဆေးရုံကို ဆောက်လုပ် ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဤဆေးရုံမှာ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်း၊ လူနာဆောင်၊ ပစ္စည်းသိုလှောင်ခန်း၊ ဆရာဝန်နားနေခန်း၊ သူနာပြုနားနေခန်း၊ ပြင်ပလူနာခန်း တို့အပြင် အအေးတိုက်နှင့် နှစ်ထပ်၊ နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ တစ်လုံးပါဝင် ကြောင်း၊ ဤဆေးရုံကို Integrated Engineering Group က တာဝန်ယူ ဆောက်လုပ်ခဲ့ပါကြောင်း။

(၁၆၈)ရပ်ကွက်သည် အစွန်ကျသော်လည်း ဒဂုံဆိပ်ကမ်းစက်မှုမြို့နှင့် တစ်ဆက်တစ်စပ်တည်းရှိခြင်းကြောင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုစည်ကား လာသည်ကို တွေ့ရှိရပါကြောင်း၊ အိမ်ထောင်စုဦးရေ တိုးပွားလာသည်နှင့်အမျှ ရပ်ကွက်နေပြည်သူတို့၏ ရင်သွေးငယ်များအတွက် စာသင်ကျောင်း ထပ်မံတိုးချဲ့ ရန် လိုအပ်လာပါကြောင်း။

ကျောင်းဆောင်သစ်ဆောက်လုပ်

ထို့ကြောင့် ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ၌ ယခုဖွင့်လှစ်သည့် အမက(၇) ရှစ်ခန်းတွဲ နှစ်ထပ် ကျောင်းဆောင်သစ်ကို ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ နောင်တွင် ကျောင်းသား ဦးရေ ထပ်မံတိုးပွားလာပါက အလယ်တန်းအဆင့်သို့ တိုးမြှင့်နိုင်ရန်လည်း ရည်ရွယ် ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း။

၂၀၀၄-၂၀၀၅ ခုနှစ် ပညာသင်နှစ် ကျောင်းဖွင့်ရာသီ၌ မိမိတို့ဌာနနှင့် လုပ်ငန်းရှင်များက ကျောင်းပေါင်း ၂၀ တည်ဆောက်ထားပြီးဖြစ်ပါကြောင်း၊ ယနေ့ဖွင့်လှစ်သည့် ကျောင်းသည် ခုနစ်ကျောင်းမြောက် ဖွင့်လှစ်သည့် ကျောင်းဖြစ်ပါကြောင်း၊ ဌာန၏ကြီးကြပ်မှုဖြင့် "အောင်ဆောက်လုပ်ရေးအဖွဲ့" က တာဝန်ယူဆောက်လုပ်ခဲ့ကြောင်း။

မိမိတို့ဌာန အနေဖြင့် ဒဂုံ(ဆိပ်ကမ်း)မြို့သစ် ပိုမိုဖွံ့ဖြိုးလာစေရေးအတွက် မြို့ပြစီမံကိန်းနှင့် အညီ နည်းလမ်းမျိုးစုံဖြင့် ဆက်လက်အကောင်အထည် ဖော်သွားမှာဖြစ်ပါကြောင်း၊ အဆင့်မြင့်အိမ်ရာမြေကွက်များ ဖော်ထုတ်မှုစီမံကိန်း၊ ခေတ်မီဂေါက်ကွင်း တည်ဆောက်ရေး စီမံကိန်းနှင့် အဓိကလမ်းများနှင့် ပတ်ဝန်းကျင် ဆက်စပ်လမ်းများ အဆင့်မြှင့်တင်ရေး လုပ်ငန်းများကိုလည်း ဆက်လက် အကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အကြံပေးပုဂ္ဂိုလ် ဗိုလ်မှူးကြီးတင်ထွန်းက ပြည်သူ့ဆေးရုံ၏ မြေနေရာ၊ အဆောက်အအုံတို့နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြား ရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်အား လည်းကောင်း၊ ကျောင်းဆောင်သစ်၏ မြေနေရာ၊အဆောက်အအုံတို့နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူအား လည်းကောင်း လွှဲပြောင်း ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်း အမှတ်(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၇)နှင့် ဒလပန်း အခြေခံပညာမူလတန်းကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၅၁၀နှင့် ခဲတံ ၇၅၅ဒါဇင်တို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများအား ပေးအပ်သည်။

ထို့နောက် ပြည်သူ့ဆေးရုံအတွက် အလှူရှင်များဖြစ်ကြသည့် ဒဂုံ ဆိပ်ကမ်းမြို့ ဖွံ့ဖြိုးရေးကုမ္ပဏီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်ထွန်းက ကုမ္ပဏီ၏ လှူဒါန်းငွေကျပ်တစ်သိန်း၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းဌေးက စီမံခန့်ခွဲရေးကော်မတီကလှူဒါန်းသည့် ငွေကျပ် ၁၂သိန်းဖိုးရှိ ဆေးရုံသုံးပစ္စည်းများ၊ ဦးကျော်နိုင်-ဒေါ်စန်းစန်းဝင်း (Integrated Engineering Group)က ငွေကျပ်ခုနစ်သိန်း၊ ဦးအုံ့ကျော်၊ ဦးချို၊ ဦးခင်သိန်း-ဒေါ်ပိုက်မိတို့က ငွေကျပ်ခြောက်သိန်းဖိုးရှိ ဆေးရုံသုံးဗီရိုအလုံး ၂၀၊ ဦးစံလင်း (ကားနှင့် ကားအပိုပစ္စည်းထုတ်လုပ်ရေး)က ငွေကျပ်ငါးသိန်း၊ ဦးမောင်မောင် (ရွှေကမ္ဘာဆောက်လုပ်ရေး)က ငွေကျပ်ငါးသိန်း၊ ယုဇန ဆောက်လုပ်ရေးက ငွေကျပ်ငါးသိန်း၊ ဦးဇော်ဇော်နိုင်-ဒေါ်ရီရီမြင့် (မေခလာ ဆောက်လုပ်ရေး)က ငွေကျပ်ငါးသိန်းလေးသောင်း၊ ဦးတင်သိန်း(အေးရိပ်ငြိမ် ဆောက်လုပ်ရေး)က ငွေကျပ်နှစ်သိန်း၊ ဦးစံလှိုင်(အောင်ဆောက်လုပ်ရေး)က ငွေကျပ်တစ်သိန်း ငါးသောင်း၊ ဦးမောင်စံ(မြသီတာဆောက်လုပ်ရေး)က ငွေကျပ်တစ်သိန်း၊ ဦးမောင်မောင် (Great Wall ဆောက်လုပ်ရေး)က ငွေကျပ်တစ်သိန်းနှင့် ဒေါ်ရဲမာမော်နိုင် (Seven Star အထည်ချုပ်စက်ရုံ) တို့က ငွေကျပ်တစ်သိန်း စုစုပေါင်းငွေကျပ် ၅၁ဒသမ၉သိန်းကို ပေးအပ် လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံသည်။

ငွေလှူဒါန်း

ဆက်လက်၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်းအတွက် ဒဂုံဆိပ်ကမ်းမြို့ ဖွံ့ဖြိုးရေးကုမ္ပဏီဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင်ထွန်းက ကုမ္ပဏီ၏ လှူဒါန်းငွေကျပ်တစ်သိန်း၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဦးသန်းဇော်ထွေးက ကော်မတီ၏ လှူဒါန်းငွေကျပ်သုံးသိန်း၊ ဦးမောင်မောင်(ရွှေကမ္ဘာဆောက်လုပ်ရေး)က ငွေကျပ် ငါးသိန်း၊ ဒေါ်နန်းအေးမြင့်(နန်းဧကရီဆောက်လုပ်ရေး)က ငွေကျပ်သုံးသိန်း လေးသောင်းသုံးထောင်၊ ဦးတင်သိန်း (အေးရိပ်ငြိမ် ဆောက်လုပ်ရေး)က ငွေကျပ်သုံးသိန်း၊ ဦးဇော်ဇော်နိုင်-ဒေါ်ရီရီမြင့် (မေခလာဆောက်လုပ်ရေး)က ငွေကျပ်သုံးသိန်းတစ်သောင်းငါးထောင်၊ ဦးစံလှိုင်(အောင်ဆောက်လုပ်ရေး)က ငွေကျပ်တစ်သိန်းငါးသောင်း၊ ဦးကျော်နိုင်-ဒေါ်စန်းစန်းဝင်း (Integrated Engineering Group)က ငွေကျပ်တစ်သိန်းငါးသောင်း၊ ဦးမောင်စံ(မြသီတာ ဆောက်လုပ်ရေး)က ငွေကျပ်တစ်သိန်း၊ ဦးမောင်မောင်(Great Wall ဆောက်လုပ်ရေး)က ငွေကျပ်တစ်သိန်း၊ ဦးချို(ရွှေမိသားစု)က ငွေကျပ်တစ်သိန်း၊ ဒေါ်ရဲမာမော်နိုင် (Seven Star အထည်ချုပ်စက်ရုံ)က ငွေကျပ်တစ်သိန်းနှင့် ဦးဘနီ၊ ဦးကျော်မြင့် (Ever Myanmar ဆောက်လုပ်ရေး)တို့က ငွေကျပ် တစ်သိန်း စုစုပေါင်း ငွေကျပ် ၂၁ဒသမ၅၈သိန်းတို့ကို ပေးအပ် လှူဒါန်းကြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်က လက်ခံသည်။

ယင်းနောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြည်သူ့ဆေးရုံတာဝန်ခံ ဆရာဝန် ဒေါက်တာရဲမြင့်လေးက ပြည်သူ့ဆေးရုံတည်ဆောက်ပေးမှုအတွက် လည်းကောင်း၊ အမှတ်(၇)အခြေခံပညာ မူလတန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်မြင့်မြင့်ခိုင်က ကျောင်းဆောင်သစ်တည်ဆောက်ပေးမှုအတွက် လည်းကောင်း ကျေးဇူးတင်စကားပြောကြားကြသည်။

အမှာစကားပြောကြား

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က အမှာစကားပြောကြားရာတွင် ယနေ့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ၁၆ ခုတင်ဆံ့ ဆေးရုံသစ်နှင့် မူလတန်းကျောင်းဆောင်သစ်တစ်ခု တစ်ပြိုင်တည်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သဖြင့် အလွန်ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံ လှပါကြောင်း။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသည့် မိဘပြည်သူ များ၏ ကျန်းမာရေး စောင့်ရှောက်မှုပေးရေးနှင့် ရင်သွေးငယ်များ၏ ပညာရေး တို့အတွက် အထောက်အကူဖြစ်စေမည့် အခြေခံကောင်းများ တစ်ပြိုင်တည်း ဖြစ်ထွန်းလာခြင်းလည်းဖြစ်ကြောင်း။

အခြေခံကောင်းများ

နိုင်ငံတော်အစိုးရအနေဖြင့် မြို့ပြရပ်ရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၄နှစ်၊ ၁၅နှစ်ကြာ စဉ်ဆက်မပြတ် အင်တိုက်အားတိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာတွင် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍဆိုင်ရာ အခြေခံကောင်းများကို မပျက်မကွက်ထည့်သွင်းတည်ဆောက် အကောင်အထည် ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဖွံ့ဖြိုးရေးမှာကြား

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တိုင်းမှူး၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တို့၌ အခြေခံပညာ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်းများ အဆင့်တိုးမြှင့်ပေးရေး၊ မြို့နယ်နှစ်ခုလုံး၌ ၁၆ခုတင်ဆံ့ ဆေးရုံတစ်ရုံစီရှိအောင် စီစဉ်ဆောင်ရွက်ပေးရေးတို့ အပါအဝင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင် များသည် ကျောင်းဆောင်သစ်နှင့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး ကြသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ၂၆၀၊ အနံပေ၃၀ရှိ R.C အမျိုးအစားနှစ်ထပ် ကျောင်းဆောင်ဖြစ်ပြီး စာသင်ခန်း၁၄ခန်း ပါဝင်ကြောင်း သိရသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၀-၇-၂၀၀၄

မော်တော	- ၃ဒသမ၅၀လက
အမ်း	- ၃ဒသမ၀၇လက
သံတွဲ	- ၂ဒသမ၉၉လက
ကျောက်ဖြူ	- ၂ဒသမ၈၄လက
ကျောက်တော်	- ၂ဒသမ၄၄လက
စစ်တွေ	- ၂ဒသမ၃၂လက
ခန္တီး	- ၂ဒသမ၃၂လက
အောင်လံ	- ၂ဒသမ၀၅လက
ဖျာပုံ	- ၁ဒသမ၇၇လက
ဇလွန်	- ၁ဒသမ၆၉လက

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁-၇-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၀၅ ၆။ အတီးပြိုင်ပွဲ
၈း၁၅ ၇။ တံငါတံတား
၈း၃၀ ၈။ International News.
၈း၄၅ ၉။ Say it in English.
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
၁၁း၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ သစ္စာချစ်ပန်း (အပိုင်း-၈)**
၁၂း၁၅ ၅။ မူးယစ်ကင်းစင် အောင်ပွဲဆင် (အပိုင်း-၃)
၁၂း၂၅ ၆။ **မြန်မာရုပ်ရှင် အချစ်အိမ်ကလေး (လွင်မိုး၊ နန္ဒာလှိုင်) (ဒါရိုက်တာ-ကြီးမြင့်)**
၂း၄၅ ၇။ International News.
၃း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English for Everyday Use.
၄း၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပည... ရုပ်မြင်သံကြားသင်ခန်းစာ... -တတိယနှစ် (သတ္တ... အထူးပြု)(သတ္တဗေဒ)
၅း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသာ... တေးသံသာ
၅း၃၀ ၇။ တေးဂီတအစီအစဉ်
၅း၄၀ ၈။ စိုက်ပျိုးစွမ်းအားပြည်ထွန်...
၅း၅၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၃၀ ၁၀။ ညနေခင်းသတင်း
၇း၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ နှင်းပွင့် (အပိုင်း-၂၈)**
၇း၃၅ ၁၃။ တေးဂီတအစီအစဉ်
၇း၄၅ ၁၄။ ကျေးလက်ဒေသတစ်ခွ... အလှဆင်
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ နှလုံးသားထဲက တစ်ခု... သော အချစ် (အပိုင်း-၆)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

☆ ပြည်ထောင်စုမှ
ပတ်သက်၍ ကောလိပ်တည်နေရာနှင့် အကျယ်အဝန်း၊ သုံးထပ်ပင်မစာသင်ဆောင်အပါအဝင် အဆောက်အအုံများ ဆောက်လုပ်မှုအခြေအနေ၊ ရေ၊ မီးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ပဏာမ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန်းဝင်းက သုံးထပ်ပင်မစာသင်ဆောင်၊ သုံးထပ်ကျောင်းသားအိပ်ဆောင်များ၊ စားရိပ်သာ၊ နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာနှင့် ကျောင်းအုပ်ကြီးနေအိမ် ဆောက်လုပ်ပြီးစီးမှုအခြေအနေများ၊ သုံးထပ်ပင်မ စာသင်ဆောင်၌ စာသင်ခန်းများ နေရာချထားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) ကျောင်းအုပ်ကြီးဦးစိန်ဋ္ဌေးက ဝန်ထမ်းအင်အား၊ ဖွဲ့စည်းပုံ၊ သင်ကြားပေးသည့် ဘာသာရပ်များ၊ ပညာသင်နှစ်အလိုက် ကျောင်းသားဦးရေနှင့်ဘွဲ့၊ ဒီပလိုမာ ရရှိမှုအခြေအနေများ အပါအဝင် သင်ကြားစီမံကိန်းစွရပ်များ၊ ယခုတည်ဆောက်လျက်ရှိသည့် ဒီဂရီကောလိပ် အဆောက်အအုံသစ်သို့ သင်တန်းများ ပြောင်းရွှေ့ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က လိုအပ်ချက်များ စီမံဖြည့်ဆည်းပေးပြီး အဆောက်အအုံများကို ပင်မစီမံကိန်းနှင့်အညီ စံချိန်စံညွှန်းပြည့်မီစွာဖြင့် ခံ့ညားသပ်ရပ်ခိုင်ခံ့အောင် စနစ်တကျတည်ဆောက်ကြရန်မှာကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးပြီး သုံးထပ်ပင်မ စာသင်ဆောင် ဆောက်လုပ်ပြီးစီးမှုနှင့် စာသင်ခန်းများ ဖွဲ့စည်းထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးနှင့်တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များသည်ရန်ကုန်အရှေ့ပိုင်းခရိုင်သာကေတမြို့နယ် ရန်ကုန်-သန်လျင်တံတားအနီးရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက် ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ ရောက်ရှိကြသည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် ရောက်ရှိနေသော အမေရိကန်နိုင်ငံမှ ပညာရှင်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၁၀

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် ရန်ကုန်မြို့၌ ရောက်ရှိနေသော အမေရိကန်နိုင်ငံမှ Myanmar Youth Association, Teachers Across Borders U.S.A, People to People Group နှင့် Myanmar Women (New York) အဖွဲ့တို့ကို ကိုယ်စားပြုသည့် ပညာရှင်အဖွဲ့ဝင်များအား ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဂေဟစနစ်တည်ဆောက်

ထို့နောက် ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်း တိုင်းရင်းသားရိုးရာဓလေ့များ ပိုမိုပြည့်စုံစွာ ဖြည့်စွက်ထားရှိနိုင်ရေးအတွက် တိုင်းရင်းသားရိုးရာ အိမ်များအလိုက် ရိုးရာယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းများ စုဆောင်းထားရှိမှု၊ ကျေးရွာအတွင်း စိမ်းလန်းစိုပြည်ရေး၊ စိတ်ချမ်းမြေ့ကြည်နူးစွာ အပန်းဖြေအနားယူနိုင်ရေးအတွက် အရိပ်ရပင်များ၊ နှစ်ရှည်ပင်များနှင့် သီးပင်စားပင်များ၊ ပန်းအလှပင်များ တစ်အုပ်တစ်မ တိုးချဲ့စိုက်ပျိုးပြီးစီးမှု၊ ကျေးရွာကို အပိုင်းအလိုက် တဖြည်းဖြည်း အဆင့်မြှင့်တင် ဆောင်ရွက်နေမှုနှင့် မူလသဘာဝ သစ်တော၊ သဘာဝလူနေမှုပုံစံဖြစ်ပေါ်လာစေရေးအတွက် အဆောက်အအုံများ တည်ဆောက်ရေး၊ စိုက်ပျိုးရေးနှင့် လေ့ကျင့်ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ သစ်တောမိတ်ဆွေ အသင်းနှင့် ပူးပေါင်း၍ လမုတော၌ သဘာဝဂေဟစနစ် ဖြစ်ထွန်းတည်တံ့ရေး တည်ဆောက်နေမှု၊ ရှမ်းတိုင်းရင်းသားရိုးရာနေအိမ်အနီးရှိ အင်းလေးကန်နှင့် ကယားတိုင်းရင်းသားရိုးရာ နေအိမ်အနီးရှိ ငွေတောင်ဆည်တို့၌ ငွေ့န်းများ မွေးမြူထားရှိမှုနှင့် ကျေးငှက်များ လာရောက်ပျော်ပါးကြစေရေး ဆောင်ရွက်ထားရှိမှု၊ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာကြီး တစ်ခုလုံးကို သဘာဝပတ်ဝန်းကျင်အတွင်း ဖြစ်တည်နေသည့် အသွင်အပြင် အနေအထားမျိုး ဖြစ်စေရေး ဖန်တီးတည်ဆောက်နေမှု အခြေအနေများနှင့် တိုင်းရင်းသားကျေးရွာအဝင်၌ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုသရုပ်ဖော်ထားသည့် မုခ်ဦးတည်ဆောက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းမှာကြားပြီး ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကို ပီပြင်စွာ ထင်ဟပ်ဖော်ညွှန်း ပြသနိုင်သည့် နေရာဒေသတစ်ခု ဖြစ်လာအောင် ဆက်လက် စီမံဆောင်ရွက်သွားရန် ဖြစ်ကြောင်း။

စီမံဆောင်ရွက်

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ပရဝဏ်အတွင်း ဝင်ရောက်မိသည်နှင့် တစ်ပြိုင်နက် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရင်း တိုင်းရင်းသားအချင်းချင်းချစ်ကြည်ရင်းနှီးစွာပေါင်းသင်းနေထိုင်လျက်ရှိသော ပြည်ထောင်စုကြီးဖြစ်သည်ဟု သိမြင်ခံစားသဘောပေါက်သွားစေရအောင်နှင့် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာအတွင်း ရောက်ရှိလာသော တိုင်းရင်းသားပြည်သူများအားလုံး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့အလိုအလျောက်ပေါက်ဖွားလာပြီး ပိုမိုသိမြင်ခံစား တိုးပွားလာစေရအောင် စီမံဆောင်ရွက်ရန်ဖြစ်ကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ တစ်ခွင်လုံး စိမ်းလန်းစိုပြည် သာယာလှပပြီး သစ်ပင်ပန်းမန်တို့ ဝေဆာပွင့်ဖူးနေမှုနှင့်အတူ မြန်မာနိုင်ငံတော်အနေဖြင့် သဘာဝပတ်ဝန်းကျင် မပျက်မယွင်းအောင် ထိန်းသိမ်း စောင့်ရှောက်ထားနိုင်မှုကို သိမြင်ခံစားသွားစေရန်လည်း စီစဉ်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ဖော်ညွှန်းပြသ

အထူးသဖြင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ အဝင်မုခ်ဦးသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ ရှည်လျားခိုင်မာသည့် သမိုင်းစဉ်တစ်လျှောက် နှစ်ပေါင်းထောင်ချီပြီး ထူထောင် ဖြစ်တည်လာခဲ့သည့် ပြည်ထောင်စုကြီး၏ စည်းလုံးညီညွတ်မှုအနှစ်သာရ၊ ကြံ့ခိုင်တောင့်တင်း ခိုင်ခံ့မှုဂုဏ်ဒြပ်တို့ကို ပီပြင်စွာ ဖော်ညွှန်းပြသနိုင်ရန် စီမံဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာအတွင်းဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ရန်ကုန်မိုးရေချိန်

၁၀-၇-၂၀၀၄

ရန်ကုန်မြို့လယ်
၁ ဒသမ ၀၂ လက်မ
မင်္ဂလာဒုံ
၀ ဒသမ ၈၃ လက်မ
ကမ္ဘာအေး
၀ ဒသမ ၅၅ လက်မ



တည်ဆောက်ရေးလုပ်ငန်း

ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရတနာလမ်းမကြီးအနီး၌ တည်ဆောက်နေသော ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုကို တွေ့ရစဉ်။

(သတင်းစဉ်)

မကွေးတိုင်း ဂန့်ဂေါခရိုင် ကျောက်ထုလေယာဉ်ကွင်း ဖွင့်ပွဲအခမ်းအနား ကျင်းပ
ခေတ်မီဂျက်လေယာဉ် ဆင်းတက်နိုင်သည့် ၂၂ကွင်းမြောက် လေယာဉ်ကွင်းဖြစ်
ဘိုးအင်း ၇၄၇ ဂျက်လေယာဉ်ကြီးများ ဆင်းတက်နိုင်သည့် စံချိန်မီကွင်းအဖြစ် ဆက်လက်တည်ဆောက်နေ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့် မကွေးတိုင်း ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုလေယာဉ်ကွင်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၁၀

မကွေးတိုင်း ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုမြို့၌ ပို့ဆောင်ရေးဝန်ကြီးဌာန၏ လုပ်ငန်းအပ်နှံချက်အရ ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးက တာဝန်ယူတည်ဆောက်ပြီးစီးသွားသော ကျောက်ထုလေဆိပ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်တွင် အဆိုပါလေယာဉ်ကွင်းအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်အမှာစကားပြောကြားပြီး ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

ကျောက်ထုလေဆိပ် ဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်မှူးချုပ်ခင်မောင်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်း၊ တပ်မတော်အရာရှိကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာ



ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ မကွေးတိုင်း ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုလေယာဉ်ကွင်း ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း မကွေးတိုင်း ဂန့်ဂေါ ခရိုင် ဆောမြို့နယ်ကျောက်ထု လေယာဉ် ကွင်း ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဆန်းအောင်၊ ဂန့်ဂေါခရိုင်နှင့် မင်းတပ်ခရိုင်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပသော အမျိုးသားညီလာခံသို့ တက်ရောက်ခဲ့ကြသည့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အေရိုးဗစ်အဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ စည်တော်အဖွဲ့နှင့် ချင်းရိုးရာ အကအဖွဲ့ဝင်များ၊ ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထု၊ မင်းတပ်မြို့နယ်တို့မှ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၁၇၀၀၀ကျော် တက်ရောက်ကြသည်။

အမှာစကားပြောကြား

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်လိုက်သည့် ကျောက်ထုလေယာဉ်ကွင်းသည် မကွေးတိုင်း ဂန့်ဂေါခရိုင် ကျောက်ထုမြို့အနီး၌ ရှိကြောင်း၊ ဤလေယာဉ်ကွင်း တည်ရှိသည့် ကျောက်ထုမြို့သည် ဆော–လောင်းရှည်–ဆိပ်ဖြူ–ချောက်သို့လည်းကောင်း၊ ဆောမှတစ်ဆင့် ချင်းပြည်နယ် ကန်ပက်လက်–မင်းတပ်သို့လည်းကောင်း၊ အဓိကအားဖြင့် ချင်းပြည်နယ် တောင်ပိုင်း မင်းတပ်–မတူပီသို့လည်းကောင်း၊ မကွေးတိုင်း အနောက်မြောက်ဘက် ထီးလင်း–ဂန့်ဂေါသို့လည်းကောင်း၊ အရှေ့ဘက် ပေါက်–ကမ္မ–ပခုက္ကူသို့ လည်းကောင်း မော်တော်ယာဉ်များဖြင့် သွားလာနိုင်သော အချက်အချာကျသည့် ဒေသဖြစ်ပြီး ချင်းပြည်နယ် တောင်ပိုင်းနှင့် ယောဒေသ၊ ပခုက္ကူဒေသတို့ကို ကူးသန်းသွားလာရေးအတွက် ပိုမိုလွယ်ကူစွာ သွားရောက်နိုင်တော့မှာ ဖြစ်ကြောင်း။

အခြေခံကောင်း

မကွေးတိုင်း၌ ယခင်က အပေါ့စားလေယာဉ်များ ဆင်းသက်နိုင်သည့် လေယာဉ်ကွင်းများ အပါအဝင် ကွင်းခုနစ်ကွင်းရှိခဲ့ရာမှ ယခုအခါ ကျောက်ထုလေယာဉ်ကွင်းပါ ထပ်မံဖွင့်လှစ်နိုင်သည့်အတွက် နိုင်ငံတော်က မကွေးတိုင်း၏ လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံကောင်း အုတ်မြစ်တစ်ချပ် ထပ်မံ ချမှတ်ပေးလိုက်ခြင်းလည်း ဖြစ်ကြောင်း။

မကွေးတိုင်း ဂန့်ဂေါခရိုင် ဆောမြို့နယ်တွင် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးက တာဝန်ယူ တည်ဆောက် ဖွင့်လှစ်လိုက်သော ကျောက်ထုလေယာဉ်ကွင်းကို တွေ့ရစဉ်။
(သတင်းစဉ်)

စစ် ကိုင်း တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး မကွေးတိုင်း ဂန့်ဂေါခရိုင် ဆော မြို့ နယ် ကျောက်ထု လေယာဉ်ကွင်း ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက "လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းဖြင့် ဒေသအတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် တိုင်းရင်းသား အချင်းချင်း ကူးလူးဆက်ဆံမှုများလာပြီး ချစ်ကြည်ရင်းနှီးမှုများ တိုးတက် ခိုင်မာလာမည်ဖြစ်ကြောင်း"၊ "နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို အဆင့်လိုက် ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း" စသည်ဖြင့် လမ်းညွှန်မှာကြားမှု ပြုထားကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် လမ်းပန်းဆက်သွယ်မှု လုပ်ငန်းများကို ကိုယ့်အားကိုယ်ကိုးပြီး ကိုယ်ပိုင် တီထွင်ကြံဆမှု အတတ်ပညာများ ပူးပေါင်းပြီး တစ်ခုပြီး တစ်ခု တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

ယခု ကျောက်ထု လေယာဉ်ကွင်းကိုလည်း တပ်မတော်အင်ဂျင်နီယာများ ကိုယ်တိုင် ဦးဆောင်တည်ဆောက်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ယခင်က နိုင်ငံတော်တွင် ဂျက်လေယာဉ် ဆင်း/တက်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❑

✧ အမျိုးသားညီလာခံမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ညီလာခံကိုယ်စားလှယ်များအတွက် အလွယ်တကူဝယ်ယူနိုင်ရန် သက်သာချောင်ချိသော ဈေးနှုန်းများဖြင့် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အစိုးရဝန်ထမ်းပေါင်းစုံသမဝါယမအသင်း GEC အရောင်းဆိုင်နှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာအရောင်းဆိုင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝယ်ယူအားပေးနေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များအား တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် မျက်မှန်ကျွမ်းကျင် (အငြိမ်းစား) ဝန်ထမ်းများဦးစီးသော နိုင်ငံတကာအဆင့်မီမြန်မာမျက်မှန်ဆိုင်နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဆက်သွယ်ရေးစခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များသည် ညောင်နှစ်ပင်စခန်းရှိ ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ ရုံးခန်းသို့ရောက်ရှိကြပြီး နေရပ်သို့ ပြန်လည်ထွက်ခွာရန်စုစည်းရောက်ရှိနေကြသည့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်ပြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အစည်းအဝေးအောင်မြင်အောင် အပြုသဘောနှင့် ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးအကြံပေးကြသည့် ကိုယ်စားလှယ်ကြီးများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ နေရေး၊ ထိုင်ရေး၊စားရေး၊သောက်ရေးအဆင်မပြေမှုများရှိပါကလည်းခွင့်လွှတ် သည်းခံကြစေလိုကြောင်း၊ နောက်တစ်ကြိမ် အစည်းအဝေးတွင် ယခုထက် ပိုမိုအဆင်ပြေအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

အမျိုးသားညီလာခံကြီးပြီးဆုံး၍ ခေတ္တရပ်နားပြီး မိမိတို့၏ဌာနေ မိသားစုများထံ ပြန်ကြတော့မည့် ကိုယ်စားလှယ်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားပြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များသည် နံနက်၉နာရီ၄၅ မိနစ်တွင် ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ညီလာခံကိုယ်စားလှယ်များ အလွယ်တကူဝယ်ယူနိုင်ရန် သက်သာချောင်ချိသော ဈေးနှုန်းများဖြင့် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❑ စာမျက်နှာ ၁၁ မှ

နိုင်သည့် လေယာဉ်ကွင်း ခြောက်ကွင်းသာရှိခဲ့ပြီးယခုဖွင့်လှစ်သည့် ကျောက်ထုလေယာဉ်ကွင်းနှင့်ပါ ဆိုပါက ယခုအခါ ၂၂ကွင်းထိ ဖြစ်ပေါ်လာနေပြီဖြစ်ကြောင်း။

နိုင်ငံတော်တစ်ဝန်း သဘာဝပထဝီအနေအထားအရ တောင်နှင့်မြောက်တည်ရှိနေသည့် လမ်းများကို ပိုမိုချောမွေ့ ကောင်းမွန်အောင် တိုးချဲ့ပြုပြင်နေသည်သာမက အရှေ့နှင့် အနောက်သွားလာမှုကိုပါ လွယ်ကူအောင် အရှေ့အနောက်လမ်းများ ဖောက်လုပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ တိုးချဲ့ ပြုပြင်ဖောက်လုပ်သည့် လမ်းတံတားများကနေ မြန်မာပြည် အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက်ကို ရာသီမရွေး၊ အချိန်မရွေး လွယ်လင့်တကူ ဆက်သွယ် သွားလာနေကြပြီး ဖြစ်ကြောင်း၊ ထို့အပြင် "ကျေးရွာချင်းဆက် မြို့ကိုတက်" ဆိုသည့် ဆောင်ပုဒ်အတိုင်း ကျေးလက်နှင့် မြို့ရွာဆက်သည့် လမ်းများကိုလည်း အများအပြားဆက်သွယ် ဖောက်လုပ်ပေးခဲ့ကြောင်း။

ကျောက်ထုမြို့သည် ချင်းပြည်နယ်တောင်ပိုင်း၏ တံခါးပေါက် ပလက်ဝ–မင်းတပ် လမ်းပေါ်၌ ရှိသကဲ့သို့ တစ်ဖက်ကလည်း မကွေးတိုင်း၏ အနောက်ခြမ်း တောင်နှင့် မြောက်လမ်းမကြီးဖြစ်သည့် ဆိပ်ဖြူ၊ ဆော၊ ထီးလင်း၊ဂန့်ဂေါလမ်းပေါ်မှာ ရှိနေသဖြင့် ချင်းပြည်နယ်တောင်ပိုင်းမှ ချင်းပြည်နယ် မြောက်ပိုင်း၏တံခါးပေါက် ကလေးမြို့အထိ ဆက်သွယ်နေကြောင်း၊ တစ်နည်းအားဖြင့် ချင်းပြည်နယ်၏ တောင်ပေါ် လမ်းမကြီးဖြစ်သည့် ကန်ပက်လက်၊မင်းတပ်၊မတူပီ၊ဟားခါး၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ ကားလမ်းမကြီးနှင့် ယှဉ်ပြိုင်သွားနေသော မြေပြန့်လမ်းပေါ်၌တည်ရှိသောမြို့တစ်မြို့လည်း ဖြစ်ကြောင်း။

အဆင့်မြှင့်တင်

နိုင်ငံတော်အကြီးအကဲသည် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပလက်ဝမြို့နှင့် ကလေးမြို့ကို အခြေခံထားဆောင်ရွက်ပေးနေသကဲ့သို့တစ်ဖက်ကလည်း ချင်းပြည်နယ် တောင်ပေါ်လမ်းကိုလည်းစက်အင်အား၊လူအင်အားတို့ဖြင့် အထူးတိုးချဲ့ပြုပြင်ဖောက်လုပ်ပေးနေပြီဖြစ်ကြောင်း၊ ထိုကဲ့သို့ ဘက်စုံထောင့်စုံက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပိုမိုထိရောက်အောင်မြင်စေရန်အတွက် အချက်အချာနေရာတစ်ခုဖြစ်သည့် ကျောက်ထုမြို့ကို အုပ်ချုပ်ရေးနှင့် ဝန်ကြီးဌာနအဖွဲ့အစည်းများ တိုးမြှင့်ခန့်အပ်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ စိုက်ပျိုးရေးများ တိုးတက်စေရန်ကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးအပိုင်းတွင်လည်းတိုးမြှင့်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုဆိုလျှင် ကျောက်ထုမှ ဆောသို့ ယခင်ကကဲ့သို့ ချီချောင်း၊ ကျောက်ဆစ်ချောင်း၊ အညာကတင်း ချောင်းကြီးများကြောင့် မိုးရာသီတွင် သွားလာနိုင်မှုမရှိရာမှ တံတားကြီးများတည်ဆောက်ကာရာသီမရွေး သွားလာနိုင်စေရန် လမ်းများအဆင့်မြှင့်တင်ပေးခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ပြင်သာမက ယနေ့ဖွင့်လှစ်လိုက်သည့် ကျောက်ထုလေယာဉ်ကွင်းကြီးနှင့် လေကြောင်းလမ်းခရီးသည်နိုင်ငံတော်ကဆောင်ရွက်ပေးခဲ့သောအထူးထင်ရှားသည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကြီး တစ်ခုဖြစ်ကြောင်း။

ထိုကဲ့သို့ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ကျောက်ထုမြို့နှင့် မကွေးတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုသာမက ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကိုပါ တစ်ဖက်တစ်လမ်းက ဆောင်ရွက်ပေးလိုက်ခြင်းဖြစ်ခြင်းကြောင့် နိုင်ငံတော်၏ စေတနာကို သိမြင်တွေ့ရှိရမှာဖြစ်ကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်အား ဘက်စုံကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်အောင် လူမှုရေး၊ စီးပွားရေးဆိုင်ရာ အခြေခံလိုအပ်ချက်များကို ဖန်တီးတည်ဆောက်ပေးနေသည့်အပြင် တစ်ဖက်ကလည်း မိမိနိုင်ငံ မိမိလူမျိုးများနှင့် ဆီလျော်ကိုက်ညီမည့် စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်အဆင့်ခုနစ်ဆင့်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း။

ယင်းလုပ်ငန်း အစီအစဉ်အဆင့်ဆင့်တို့သည် နိုင်ငံတော်၏ဖြစ်ပေါ်နေသည့် ပကတိ နိုင်ငံရေး အခြေအနေများနှင့် ညီညွတ်မျှတစွာ ဆက်စပ်ထားသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးဆိုင်ရာ ကိုယ်ပိုင်လမ်းကြောင်းမှန်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် မိမိတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့် စီးပွားရေးလုပ်ငန်းများကို အားထည့်လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်ရှိရှိဖြင့် သယ်ဆောင်သွားကြရမှာဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာလည်း နိုင်ငံတော်၏ တည်ဆောက်ရေး လုပ်ငန်းစဉ်အဆင့်ဆင့်၊ အစီအမံများကိုလည်း ဟန်ချက်ညီညီ ဝိုင်းဝန်းအကောင်အထည်ဖော် သွားကြရမှာဖြစ်ကြောင်း ပြောကြားသည်။

အမှာစကားပြောကြား

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အမှာစကားပြောကြားရာတွင်ကျောက်ထုလေဆိပ်၏ မူလ လေယာဉ်ပြေးလမ်းဟောင်းကို ၁၉၅၃ခုနှစ်တွင် တည်ဆောက်ခဲ့ပြီးအရှည်ပေ ၃၈၅၀၊အကျယ်ပေ၁၀၀ရှိကြောင်း၊ပြေးလမ်းအမျိုးအစားမှာ ကျောက်ရော မြေကြီးကွင်းဖြစ်ပြီး ဒါကိုတာလေယာဉ်များ၊ တွင်အော်တာလေယာဉ်များ ဆင်းတက်ခဲ့ရာ ချင်းပြည်နယ်တောင်ပိုင်း မတူပီ၊ မင်းတပ်၊ ကန်ပက်လက်နှင့် မကွေးတိုင်း၊ ဆောမြို့နယ်မှ ဒေသခံပြည်သူများသည် လေကြောင်းခရီးဖြင့် ပြည်မသို့ လွယ်ကူစွာ သွားလာနိုင်ခဲ့ကြောင်း။

တွင်အော်တာလေယာဉ်ခရီးစဉ်များ ရပ်ဆိုင်းသွားပြီးနောက် ဖော်ကာအက်ဖ်–၂၇ လေယာဉ်များ ဆင်းတက်အသုံးပြုရန်အတွက် လေယာဉ်ပြေးလမ်း၏ အရှည်မှာ လုံလောက်မှုမရှိသည့်အတွက် လေယာဉ်ပြေးလမ်းတိုးချဲ့ရန် မူလလေယာဉ်ပြေးလမ်း၏ မြောက်ဘက်ပိုင်း ပေ၃၆၀၀ခန့်အကွာ၌ ယောချောင်းကမ်းပါးရှိခြင်း၊ တောင်ဘက်ပိုင်း၌ ရန်ကင်းတောင်ဘုရားရှိခြင်းတို့ကြောင့် ဆက်လက်တိုးချဲ့နိုင်ခြင်းမရှိတော့ကြောင်း၊ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကျောက်ထုမူလ လေယာဉ်ပြေးလမ်းဟောင်း၏ တောင်ဘက်ရှိ အရှည်ပေ ၁၁၀၀၀ခန့်နှင့် အကျယ်ဆုံးအလျားပေ ၁၆၀၀ခန့်ရှိကုန်းမြင့်လွင်ပြင် မြေနေရာကို တွေ့ရှိခဲ့ခြင်းကြောင့် လေယာဉ်ပြေးလမ်းကို အရှည်ပေ ၁၀၀၀၀၊ အကျယ်ပေ ၁၀၀ရှိ ကွန်ကရစ်ခင်း၍ တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

စတင်ပြေးဆွဲမည်

ယခုအခါ ကျောက်ထုလေယာဉ်ပြေးလမ်းသည် အရှည်ပေ ၆၅၀၀၊ အကျယ်ပေ၁၀၀၊ ၁၂၆လက်မရှိကွန်ကရစ်ခင်း လေယာဉ် ပြေးလမ်းအဖြစ် တည်ဆောက်ပြီးဖြစ်၍ ပြည်တွင်းလေကြောင်းလိုင်းများ စတင်ပြေးဆွဲတော့မှာ ဖြစ်ကြောင်း၊ မကြာခင်အချိန်အတွင်းမှာ ပြေးလမ်းအရှည်ပေ ၁၀၀၀၀၊အကျယ်ပေ၁၀၀တည်ဆောက်ပြီးစီးတော့မှာဖြစ်၍ Boeing 747-400 အမျိုးအစား ဂျက်လေယာဉ်ကြီးများ ဆင်းတက်နိုင်သည့် စံချိန်မီလေယာဉ်ကွင်းတစ်ကွင်း ဖြစ်လာတော့မှာဖြစ်ကြောင်း။

ထို့အပြင် လေယာဉ်စီးခရီးသည်များ အဆင်ပြေစေရေးအတွက် အလျား ၆၅ ပေ၊ အနံပေ ၃၀ရှိ ယာယီလေဆိပ်အဆောက်အအုံ တည်ဆောက်ထားရှိကြောင်း။

ကျောက်ထု လေယာဉ်ပြေးလမ်း တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှု၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ စီစဉ်ဆောင်ရွက်မှုဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာနလေကြောင်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းအပ်နှံချက်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ ကျွမ်းကျင်သူအင်ဂျင်နီယာ များဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ယခုတည်ဆောက်ပြီးဖြစ်သည့် ကျောက်ထုလေယာဉ်ပြေးလမ်းအပြင် မြန်မာနိုင်ငံ၏ အဓိကကျသည့် ဒေသကြီးများဖြစ်သည့် မကွေးတိုင်း၌ ပခုက္ကူလေယာဉ်ကွင်း၊ မန္တလေးတိုင်း၌ အနီးစခန်းလေယာဉ်ကွင်း၊ ညောင်ဦးလေယာဉ်ကွင်း၊ အေလာလေယာဉ်ကွင်း၊ စစ်ကိုင်းတိုင်း၌ ခန္တီးလေယာဉ်ကွင်း၊ ရှမ်းပြည်နယ်၌ လားရှိုးလေယာဉ်ကွင်း၊ ကျိုင်းတုံလေယာဉ်ကွင်း၊ ကချင်ပြည်နယ်၌ ဗန်းမော်လေယာဉ်ကွင်းနှင့် ရန်ကုန်တိုင်း၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းများကိုလည်း စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရန် နိုင်ငံတော်က ရန်ပုံငွေ မြောက်မြားစွာ အကုန်အကျခံတည်ဆောက်ပြီးစီးခဲ့သည့်ကျောက်ထုလေဆိပ်ကို ကြာရှည်ခိုင်မြဲစေရေးနှင့် လေဆိပ်စိမ်းလန်းစိုပြည်ရေး၊ သာယာလှပစေရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့် နယ်မြေခံပြည်သူများကလည်း ဝိုင်းဝန်းထိန်းသိမ်းသွားကြပါရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကား ပြောကြားရာတွင် ကျောက်ထုလေယာဉ်ကွင်းကို လေယာဉ်ပြေးလမ်းအရှည်ပေ ၆၅၀၀၊ အကျယ်ပေ ၁၀၀ ဖြင့် တည်ဆောက်ဖွင့်လှစ် ပေးနိုင်ခဲ့ခြင်းကြောင့် ဖော်ကာအက်ဖ်–၂၇ လေယာဉ်နှင့် ဖော်ကာအက်ဖ်–၂၈ ဂျက်လေယာဉ်များ ဆင်းတက်နိုင်တော့မှာဖြစ်ပြီး မကြာတော့မည့်ကာလတွင် နိုင်ငံတကာ အဆင့်မီဘိုးအင်း ၇၄၇–၄၀၀ ကဲ့သို့သော ခေတ်မီဂျက်လေယာဉ်ကြီးများ ဆင်းတက်နိုင်ရန် ထပ်မံအဆင့်မြှင့် တိုးချဲ့တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ယခင် ၁၉၈၈ခုနှစ်မတိုင်မီ မိမိတို့၏ မကွေးတိုင်းတွင် ဖော်ကာအက်ဖ်–၂၈ ဂျက်လေယာဉ်များ ဆင်းတက်အသုံးပြုနိုင်သည့် လေယာဉ်ကွင်း မရှိခဲ့ကြောင်း၊ ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် မကွေးတိုင်းအတွင်း၌ ရှိသည့် မကွေး လေယာဉ်ကွင်းသစ်တစ်ခုနှင့်ယခုဖွင့်လှစ်သည့် ကျောက်ထုလေယာဉ်ကွင်းတို့ကို စီမံကိန်းချမှတ်တည်ဆောက်ခဲ့သည့်အတွက် ဖော်ကာအက်ဖ်–၂၈ ဂျက်လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆင်းတက်နိုင်ခဲ့ပြီး မကြာမီကာလမှာပင် မကွေးတိုင်း၏ တတိယမြောက် ပခုက္ကူလေယာဉ်ကွင်းသစ်ကြီးကိုလည်း ဖွင့်လှစ်နိုင်တော့မှာဖြစ်ကြောင်း ကြိုတင်သတင်းကောင်းတစ်ခုအဖြစ် ပြောကြားလိုကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက အမှာစကား ပြောကြားသည်။ ထို့နောက် ကျောက်ထု မြို့နယ်မှ ဒေသခံပြည်သူများ ကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျောက်ထုလေယာဉ်ကွင်းကို တည်ဆောက်ခဲ့သော ကာကွယ်ရေး ဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ စီမံကိန်းတာဝန်ခံ ဗိုလ်မှူးအောင်ခိုင်အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကျောက်ထုလေဆိပ်မှခ်ဦးကို စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်းနှင့် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ကျောက်ထုလေဆိပ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျောက်ထုလေဆိပ်ကမ္ဗည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမ္ဗည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်သာအေး၊ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် အမျိုးသား ညီလာခံကိုယ်စားလှယ်များသည် လေဆိပ်ဖွင့်ပွဲမှခ်ဦးထိပ်၌ အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယနေ့ဖွင့်လှစ်လိုက်သည့်ကျောက်ထုလေဆိပ်၏ လေယာဉ်ပြေးလမ်း အမျိုးအစားမှာ ကွန်ကရစ်အမျိုးအစားဖြစ်ပြီး ပြေးလမ်းဒုမှာ ၂၆လက်မဖြစ်သည်။ ပြေလမ်းခံနိုင်ရည်အားမှာ ၈၇၃၀၀၀ ပေါင်နှင့် လေယာဉ်ရပ်နားရန်နေရာမှာ အကျယ်ပေ ၃၀၀ x ပေ ၃၀၀ ဖြစ်သည်။ ယနေ့တွင် လေယာဉ်ပြေးလမ်းအရှည် ပေ၆၅၀၀နှင့် ပြေးလမ်းအကျယ် ပေ ၁၀၀ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပြီး ဖော်ကာအက်ဖ်–၂၇ လေယာဉ်နှင့် ဖော်ကာ အက်ဖ်–၂၈ ဂျက်လေယာဉ်များ ဆင်းတက်နိုင်မည်ဖြစ်သည်။ (သတင်းစဉ်)

ထာဝရဒါန အရိပ်အလှူ ပန်းအလှူပွဲတော်ကြီးအတွက် ထာဝရပန်းဒါန အလှူတော်ငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၀

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီက ဆောင်ရွက်လျက်ရှိသော ထာဝရဒါနအရိပ်အလှူ ပန်းအလှူပွဲတော်ကြီးအတွက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ထာဝရပန်းဒါန အလှူတော်ငွေ ပေးအပ်ပွဲကို ယနေ့ မွန်းတည့်၁၂နာရီတွင် ရွှေတိဂုံစေတီတော် ရှင်ဉပဂုတ္တကန်တော်ဥယျာဉ်ရှင်းလင်းဆောင်၌ ကျင်းပရာ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး ဦးဆောင်သော ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များက အလှူတော်ငွေများကို ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီရဲခေါင်က ထာဝရပန်းအလှူ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

လက်ခံ

ဆက်လက်၍ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး ဦးဆောင်သော ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်လေးခရိုင်တို့မှ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် တစ်ဦးချင်း အလှူရှင်များက ပန်းအလှပင်များနှင့် အရိပ်ရပင် ၂၈၄၉ပင်အတွက် အလှူငွေကျပ် ၆၅၁၉၀၀ကို ပေးအပ်လှူဒါန်းရာ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းကော်မတီမှတာဝန်ရှိသူနှင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးခင်မောင်မြင့်တို့က လက်ခံသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးခင်မောင်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လှူဒါန်း

ယနေ့လှူဒါန်းသော အရိပ်ရအပင်များမှာ ဆီအုန်း၊ အုန်းငှက်ပျော၊ ကြိမ်ထန်း၊ စံပယ်၊ နဂါးစက်ဂမုန်း၊ ဗုဒ္ဓသရဏပင်တို့ ဖြစ်သည်။

(သတင်းစဉ်)

အလှူတော်ငွေပေးအပ်

ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းကော်မတီက ဆောင်ရွက်လျက်ရှိသော ထာဝရဒါန အရိပ်အလှူ ပန်းအလှူပွဲတော်ကြီးအတွက် ထာဝရ ပန်းအလှူတော်ငွေ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးခင်မောင်မြင့် လက်ခံယူစဉ်။

(သတင်းစဉ်)

❍ နိုင်ငံတကာမှ
(တောင်ကလေး)နှင့် ပြည်နယ်/တိုင်း ရွှေတံဆိပ်ဆုရှင် တက်သစ်စကြယ် (တနင်္သာရီ)တို့ပွဲဖြစ်သည်။

ပထမအချီမှစတုတ္ထအချီတိုင်အောင် အရှုံးအနိုင်မဖြတ်နိုင်ကြ၍ ပဉ္စမအချီအထိ ထိုးသတ်ခဲ့ကြရသည်။

ပဉ္စမနောက်ဆုံးအချီတွင် ပူးကြ၊ ဒူးတိုက်ကြ၊ရင်ဆိုင်ထိုးကြရင်း တွဲလက်သီး၊ ဖြောင့်လက်သီးတွေသုံးလာသည်။ ကြယ်လင်းအောင်၏ တွဲလက်သီးဒဏ်ကြောင့် တက်သစ်စကြယ်အလဲထိုးခံရပြီး ကြယ်လင်းအောင် အနိုင်ရရှိသွားသည်။

အများမျှော်လင့်နေသော မြန်မာနှင့် ဂျပန် လက်ဝှေ့သမားတို့၏ လက်ဝှေ့ပွဲ ဆက်လက်ကျင်းပသည်။ နိုင်းဝမ်းလေး (မြို့တော်စည်ပင်)နှင့် ဂျပန်မှ တာကာဟာရူး ယာမာမိုတိုတို့ ထိုးသတ်ကြသည်။ ဂျပန်အားကစားသမားကခြေဖြင့်ခတ်သည်၊ ကိုင်ပေါက်သည်။ အစပိုင်းတွင် နိုင်းဝမ်းလေး နှစ်ကြိမ်ခန့် ကိုင်ပေါက်ခံရသည်၊ နိုင်းဝမ်းလေးက ထိုးသည်၊ ကန်သည်၊ ဘယ်ညာတွဲလုံးတွေဖြင့် ထိုးသည်၊ ဂျပန်က အနီးကပ်လာလျှင် မြန်မာက ထိုးသည်၊ မြန်မာနိုင်းဝမ်းလေးက ထိုးကွက်သာသည်၊ လက်ရည် ပိုမိုကောင်းသည်။ ပထမအချီ နှစ်မိနစ် စက္ကန့် ၄၀ မှာပင်ရာမာမိုတိုလဲကျပြီး အမှတ်ရေတွက်သော်လည်း မထနိုင်ဘဲ အရှုံးပေးသွားရသည်။ အနိုင်ရရှိသူ မြန်မာမှ နိုင်းဝမ်းလေးကို အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ခါးပတ်ဆုချီးမြှင့်ပြီး ချစ်ကြည်ရေးအဖြစ် ဒုတိယရသူ ဂျပန်လက်ဝှေ့သမား ယာမာမိုတိုကို ငွေဖလားဆုချီးမြှင့်သည်။

နောက်ဆုံးပွဲအဖြစ် မြန်မာအေးဗိုလ်စိန်(လယ်/ဆည်)နှင့် ဂျပန်မှ အကီတိုရှိတာမူရာတို့ ယှဉ်ပြိုင်ရာဂျပန်က ကန်သည်၊ ကိုင်ပေါက်ပြီးလှဲချသည်၊ အေးဗိုလ်စိန်က ဂျပန်ကိုလဲအောင်စထိုးသည်၊ ဂျပန်က ပခုံးဖြင့်ထမ်းလှဲရန် ကြိုးစားသည်။ အေးဗိုလ်စိန်၏ ဖြောင့်လက်သီးဒဏ်ကြောင့်ဂျပန်တာမူရာ၏ဘယ်ဘက်မျက်လုံး ပိတ်လုမတတ်ဖြစ်နေသည်။ အေးဗိုလ်စိန်မှာ လက်သီးထိုးကျဲသည်။

တတိယအချီအရောက်တွင် အေးဗိုလ်စိန်က အဝင် တာမူရာက ဒူးဖြင့်မြှင့်တင်လိုက်ရာ အေးဗိုလ်စိန် လဲကျပြီး အရှုံးပေးသွားရသည်။

ဆုချီးမြှင့်

အနိုင်ရရှိသူ အကီတိုရှိတာမူရာကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌမြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ဆုချီးမြှင့်သည်။

နိုင်ငံတကာ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကို ဇူလိုင်၁၁ရက်မွန်းလွဲ၂နာရီတွင် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပမည်ဖြစ်ရာ မြန်မာနှင့် ဂျပန် လက်ဝှေ့ပွဲစဉ်အဖြစ် မြန်မာမှ ဝင်းထွန်းနှင့် ဂျပန်မှ Seiji Wakasugi၊ မြန်မာမှ ရွှေဆိုင်းနှင့် ဂျပန်မှ Yoshitaro Niimi တို့ ယှဉ်ပြိုင်ကြမည့်အပြင် ကြားပွဲများလည်း ပါဝင်မည် ဖြစ်သည်။ (ကြေးမုံ)

၆၃ဒသမ၅ကီလိုတန်းတွင် အနိုင်ရရှိသူ နိုင်းဝမ်းလေး (မြန်မာ)နှင့် ရှုံးနိမ့်သူ Takahru Yamamoto (ဂျပန်) တို့အား ဆုယူအပြီး တွေ့ရစဉ်။

(ကြေးမုံ)

(၆၇)ကီလိုတန်းတွင် မြန်မာမှ အေးဗိုလ်စိန်က ဂျပန်မှ Akitoshi Tamura အား ဤသို့ ဒူးဖြင့်တိုက်ခဲ့သော်လည်း--

(ကြေးမုံ)

(၆၇)ကီလိုတန်းတွင်အေးဗိုလ်စိန်(မြန်မာ)အား စတုတ္ထအချီတွင် အလဲထိုးအနိုင် ရသွားသည့် Akitoshi Tamura(ဂျပန်)အား လက်ဝှေ့ပရိသတ်များက ဂုဏ်ပြုနှုတ်ဆက်စဉ်။

(ကြေးမုံ)

၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၁၁ရက်၊ တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံးပါဝင်ဆင်နွှဲကြပါစို့။

ပညာရေးဝန်ကြီးဌာန

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ခုနှစ်၊ ဇူလိုင်လအတွက်
(၁၁-၇-၂၀၀၄)ရက်နေ့နှင့်
(၂၅-၇-၂၀၀၄)ရက်နေ့။

ကျန်းမာရေးပညာပေး ဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ၏ အပတ်စဉ် ကျန်းမာရေး ပညာပေး ဟောပြောပွဲကို ယနေ့ မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်းရှိ လူငယ်ရိပ်မြုံ၌ ကျင်းပရာ ကျန်းမာရေးအတွက် သန့်လေးသန့်အကြောင်းကို ကျန်းမာရေးစီမံကိန်းဦးစီးဌာန ဗဟိုကျန်းမာရေး ပညာဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ခင်မောင်လွင် (စီမံချက်မန်နေဂျာ)က ဟောပြောသည်။ ဟောပြောပွဲသို့ လူငယ်ရိပ်မြုံ အသင်းဝင်များတက်ရောက်ကြပြီး စိတ်ဝင်စားစွာ မေးမြန်းကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၇-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **ဆရာတော်ဦးဃောသိတတရားတော် "သစ္စာဉာဏ်၊ကစ္စဉာဏ်၊ကတဉာဏ်"**
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** (ပထမနှစ်-ပထဝီဝင်အထူးပြု) Solar Energy And Temperature
- **၄:၃၀** ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- **၅:၀၀** ၆။ အမေးကဏ္ဍတွေးစရာ
- **၆:၀၀** ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၈။ နိုင်ငံတကာသတင်း
- **၆:၂၀** ၉။ မိုးလေဝသသတင်း
- **၆:၂၅** ၁၀။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၆:၃၀** ၁၁။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ရတနာရွှေအိုး" (အပိုင်း-၁၄)**
- **၈:၀၀** ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၅။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
  - ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
  - ၁၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
  - ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - ၁၉။ **အရှင်ဇနကာဘိဝံသ၏ထေရုပ္ပတ္တိ "စည်းမျဉ်း(၁၀)ချက်မဟာဂန္ဓာရုံအသက်"**
  - ၂၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"(ဒုတိယတွဲ) (အပိုင်း-၃၅)**
  - ၂၁။ သင့်အတွက်မနက်ဖြန်
  - ၂၂။ အပိတ်နှုတ်ဆက်စကား
  - ၂၃။ ပြီးပါပြီ။

ဇူလိုင်၁၀ရက်က ၂၀၀၀ပြည့်နှစ်နှင့် ၂၀၀၄ခုနှစ်တို့၌အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ (၂၅)ရပ်ကွက် စစ်ကိုင်းစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဓမ္မာနန္ဒမဟာထေရ်မြတ်အား တပည့်ဒါယကာ၊ ဒါယိကာမတို့က ချီးကျူးဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို (၂၅)ရပ်ကွက် ဓမ္မာရုံ၌ကျင်းပရာ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောဘာသ ပဋ္ဌာနိကာယ ဆရာတော်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြစဉ်။ (၅၀၆)

ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲဆက်

ရန်ကုန် ဇူလိုင် ၁၀

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ကကြီးမှူးကျင်းပသော (၃၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။ အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း)ကို ၈၅မှတ်၊ ၃၀မှတ်ဖြင့်နိုင်ပြီးမကွေးတိုင်းက ပဲခူးတိုင်းကို၃၈မှတ်၊ ၃၃မှတ်ဖြင့်နိုင်သည်။ အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်က မကွေးတိုင်းကို ၇၆မှတ်၊ ၅၃မှတ်ဖြင့် နိုင်ကာ ရန်ကုန်တိုင်းက မွန်ပြည်နယ်ကို ၆၁မှတ်၊ ၄၆မှတ်ဖြင့်နိုင်သည်။

ယနေ့ပွဲများ

(အမျိုးသမီးပြိုင်ပွဲ)

ရန်ကုန်တိုင်းနှင့် စစ်ကိုင်းတိုင်း
ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်း။

(အမျိုးသားကွာတားဖိုင်နယ်)

စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)
ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်း။

(ကြေးမုံ)

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း (၆၀)ဖြစ်သည်။

သံတွဲခရိုင်အသင်း ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၀

သံတွဲခရိုင်အသင်း(ဂွ၊တောင်ကုတ်၊သံတွဲ)အသင်းသူ၊အသင်းသားများ၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၁၈ရက် (၁၃၆၆ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၂ရက်) (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၌ ကျင်းပမည်။

ဖိတ်ကြား

အသင်းသူ၊ အသင်းသားများထံမှ အလှူငွေ၊ အလှူပစ္စည်းများကို အသင်းရုံး အမှတ်(၁၀၄)၊ ပထမထပ်(ဝဲ)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ် ဖုန်း-၃၈၂၀၈၇၊ ဥက္ကဋ္ဌ ဦးကျော်ရင် ဖုန်း-၃၇၆၈၄၈၊ ဒုတိယ ဥက္ကဋ္ဌ ဦးကျော်ဝင်း ဖုန်း-၂၉၁၂၀၀၊ အတွင်းရေးမှူး ဦးမောင် မောင်ခင် ဖုန်း-၅၇၁၀၁၆၊ ဘဏ္ဍာရေးမှူး ဦးညွန့်လွင် ဖုန်း-၅၄၀၂၄၁၊ စာရင်းစစ် ဦးမြမောင် ဖုန်း-၆၄၃၆၂၀တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ ရန်ကုန်မြို့ရှိ သံတွဲခရိုင်ဇာတိ ကျောင်းထိုင်သံဃာတော်များအား ပင့်ဆောင်ထားပါကြောင်းနှင့် သံဃာတော်များ အားနေ့ဆွမ်း၊ ပရိသတ်အား နံနက်စာ ထမင်း ဖြင့် ဧည့်ခံမည်ဖြစ်ပါ၍ သံတွဲခရိုင်သူ၊ ခရိုင်သားများအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

(က-ပ)

အမှတ်၂၈(E)၊ အင်းယားမြိုင်လမ်း၊ ဗဟန်းမြို့နယ်နေ ဦးသန်းမြင့်-ဒေါ်ခင်သိန်းကြည် မိသားစုက ဦးသန်းမြင့် မွေးနေ့အလှူအဖြစ် ဇူလိုင် ၅ရက်က ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ နဝကမ္မငွေပဒေသာပင်များအတွက် အလှူတော်ငွေ ကျပ်ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုကြီး (အငြိမ်းစားသံအမတ်ကြီး) နှင့် ဒုတိယဥက္ကဋ္ဌဗိုလ်ကြီးမောင်တင် (အငြိမ်းစား)တို့ လက်ခံယူကြစဉ်။ (က-ပ)



သတိပေးတားမြစ်ကြေညာချက်

GSM လက်ကိုင်တယ်လီဖုန်း အမှတ် ၀၉-၅၀၁၁၅၂၉သည် ဒေါက်တာကျော်ဆန်း[၁၂/ရကန(နိုင်) ၀၅၅၈၆၀]၏ အမည်ဖြင့် ရရှိထားသော တယ်လီဖုန်းဖြစ်ပါသည်။ ၎င်းတယ်လီဖုန်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းများလက်ဝယ်ရှိသူမှ အမြန်ပြန်လည်ပေးပို့ရန်နှင့် အခြားမသက်ဆိုင်သူ မည်သူတစ်စုံတစ်ဦးကမျှ တစ်နည်းနည်းလွှဲပြောင်းခြင်း မပြုလုပ်ကြရန် သတိပေးကြေညာအပ်ပါသည်။

ဦးစောဟန် B.A(Law)LL.B
တရားရုံးချုပ်ရှေ့နေ(၃၄၀၆)
အမှတ်(၃၄)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။

မူကြိုနေ့ကလေးထိန်းဆရာမများ အလိုရှိသည်

(မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌သာခန့်ထားရန်)

၁။ မူကြိုဆရာမ (၄) ဦး
၂။ ယာဉ်မောင်း (၃) ဦး

အမှတ်(၁)နေရာအတွက်လျှောက်ထားသူသည်
၁။ ကလေးများအပေါ် ကြင်နာသနားတတ်သူဖြစ်ရမည်။
၂။ ယဉ်ကျေးသိမ်မွေ့သူဖြစ်ရမည်။
၃။ ကလေးများအပေါ် စိတ်ရှည်သူဖြစ်ရမည်။
၄။ အကျင့်စာရိတ္တနှင့် စိတ်ဓာတ်နမူနာယူရလောက်အောင် ကောင်းမွန်သူဖြစ်ရမည်။

အမှတ်(၂)နေရာအတွက်လျှောက်ထားသူသည် အထက်ပါအချက်များအပြင်-
၁။ အသက်(၅၀)ဝန်းကျင်ဖြစ်ရမည်။
၂။ ယာဉ်မောင်းသက် ၁၀နှစ်နှင့် ကားစုံမောင်းတတ်ရမည်။ (ကားစုံမောင်းခွဲဖူးသူဖြစ်ရမည်။)
၃။ စိတ်ထားအေးချမ်း၍ စိတ်ရှည်ဖြည်းညင်းစွာ မောင်းနှင်တတ်ရမည်။

လျှောက်ထားသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းကြောင်းထောက်ခံချက်မိတ္တူနှင့် ပြစ်မှုရှင်းလင်းကြောင်း ရဲစခန်းထောက်ခံချက်မူရင်းတို့နှင့်အတူ Western Electronic Centre အမှတ်၂၁(က) အောက်ကြည့်မြင်တိုင်လမ်း၊ အလုံ(အလုံစာတိုက်မှတ်တိုင်)သို့ လူကိုယ်တိုင်လာရောက်၍ ကိုယ်ရေးမှတ်တမ်းနှင့်အတူ လျှောက်ထားနိုင်ပါသည်။

Congratulation !

to

EXCEL TREASURE TOWER, EXCEL SHOPPING MALL EXCEL TREASURE HOTEL

အောင်မြင်စွာဖွင့်လှစ်နိုင်ခြင်းအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့်
လုပ်ငန်းများ ဆတက်ထမ်းပိုးတိုးတက်အောင်မြင်ပါစေကြောင်းဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

1. U Tun — Triple Five Asia International Co.,Ltd.
2. Daw Yee Yee Tun — Yee Yee Tun International Co.,Ltd.
3. U Tin Htute — Super Top Sales Center
4. U Tun Win — Shwe Depar Co.,Ltd.
5. U Htay Khaing — Aung Tha Pyay Khaing Co.,Ltd.
6. U Hla Kyaing — Diamond Family Plastic Extruding Machine Equipment
7. U Myo Tint — Myo Tint Family Co.,Ltd.
8. U Maung Shwe — Bandoola Myanmar Co.,Ltd.
9. U Aung Hlaing Oo — Myanmar Chemical & Mechinery Co.,Ltd.
10. U Lay Lwin — Yee Plastic Industry
11. U Min Aung — Camel Plastic & Bawga Sore
12. U Kyaw Sein — Asia Star Plastic Group
13. U Ni — Shwe Mi Industrial Co.,Ltd.
14. U Than Aung — Three Arrow Co.,Ltd.
15. U Hla Win — Lucky Bag Plastic
16. U Tin Naing Win — PP Plastic Industry
17. U Kyi Soe — Soe Swallow King Trading Co.,Ltd.
18. U Kyaw Myint — Hmwe Plastic Bag Enterprise
19. U Myint San — Daw Mya Thein & Sons Plastic Industry
20. U Than Oo — Summit Plastic
21. U Aung Sein — Kian Ho Co.,Ltd.
22. U Maung Maung Lay — Kian Ho Co.,Ltd.
23. U Myo Myint — Myanmar Pipes & Accessories Co.,Ltd.
24. VSV International Co., Ltd.
25. VSV Asia Co., Ltd.
26. Mitsubishi Corporation
27. Itochu Corporation
28. Multi Trading International Co., Ltd.
29. Interchem International Co., Ltd.
30. C C C Chemical Commerce Co., Ltd.
31. Myanmar Hyosung Co., Ltd.
32. Europe Continents Myanmar
33. Sumitomo Corporation (Yangon Branch)
34. Sayani Enterprises PTE Ltd.
35. T.Z Fisheries Co., Ltd.
36. Aye Nyein Thar Co., Ltd.
37. Thazin Khine Minn Co., Ltd.
38. Naing Naing Aung Co., Ltd.
39. Myanmar Zillion Trading
40. Aung Myay International Co., Ltd.
41. La Min Thar Co., Ltd.
42. Htoo Htet Trading
43. Ocean Glory Co., Ltd.
44. "MYA" Oil Mill Ltd.
45. Golden Lion Wire Co., Ltd.

MISS

အိုလက်ထရွန်းနစ်စာစဉ်

M M BOX [MRTV-4] Audio Amplifier

Image Entertainment Holding Ltd

Sales Staff

Editorial Staff

Computer Designer

Graphic Design

အမည်ပြောင်းခြင်း

အဖ ဦးရွှေဝင်း၏သား ငပုတော မြို့နယ်၊ ကမ်းနီခွဲ အထက၊ အဋ္ဌမ တန်းမှ မောင်ချစ်မင်းအောင်အား မောင်သီဟထက်ဇင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သီဟထက်ဇင်။**

အမည်ပြောင်းခြင်း

မြစ်ကြီးနားမြို့၊ အထက(၃)၊ အဋ္ဌမတန်းမှ ဦးအောင်သူရ၏သမီးဖြစ်သူ မနှင်းဝတ်ရည်ထွန်းအား မနှင်းဝတ်ရည်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မနှင်းဝတ်ရည်။

ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်း ရောင်းချပွဲ (၂၀၀၄)

SEVENTEENTH GEMS & JADE SALES OF THE UNION OF MYANMAR ECONOMIC HOLDINGS LIMITED

၁။ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ (၂၀၀၄)ကို ၁၆-၈-၂၀၀၄ရက်နေ့မှ ၁၉-၈-၂၀၀၄ရက်နေ့အထိ အမှတ်(၆၆)၊ ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ၌ အောက်ပါအတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

(က) ၁၆-၈-၂၀၀၄ရက်နေ့မှ ၁၈-၈-၂၀၀၄ရက်နေ့အထိ ကျောက်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ခ) ၁၉-၈-၂၀၀၄ရက်နေ့တွင် Bargain and Auction စနစ်ဖြင့် ရောင်းချခြင်း၊

၂။ ဝယ်ယူလိုသူများသည် ၁၃-၈-၂၀၀၄ရက်နေ့မှစ၍ မှတ်ပုံတင်ကြေး နိုင်ငံသားကျပ်(၄၀၀၀)၊ နိုင်ငံခြားသားအမေရိကန်ဒေါ်လာ(၂၀)နှင့်အတူ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ပါသည်။

၃။ ပုဂ္ဂလိကကျောက်မျက်၊ ကျောက်စိမ်းလုပ်ငန်းရှင်များမှလည်း မိမိရောင်းချလိုသည့် ကျောက်မျက်၊ ကျောက်စိမ်းနှင့်အချောထည် လက်ဝတ်ရတနာများကို ၂၀-၇-၂၀၀၄ရက်နေ့မှ ၃၀-၇-၂၀၀၄ရက်နေ့အတွင်း လာရောက်အပ်နှံနိုင်ပါသည်။

၄။ ရောင်းချရန်တင်သည့် ရတနာပစ္စည်း၏ တန်ဖိုးပေါ်တွင် (ဝဒသမ၄)ရာခိုင်နှုန်းကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သို့ ပေးဆောင်ရမည်ဖြစ်ပြီး ရောင်းချရပါက ရောင်းရငွေပေါ်တွင် ရတနာခွန်ပေးဆောင်ခြင်းနှင့်ပတ်သက်၍ သတ္တုတွင်းဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ/နည်းဥပဒေများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ အသေးစိတ်မေးမြန်းစုံစမ်းလိုသူများသည် အောက်ဖော်ပြပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာရူဘီအင်တာပရိုက်(စ်)
အမှတ်-၂၄/၂၆ (ယခင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဆောက်အအုံ)
ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၇၀၅၃၊ ၃၇၀၅၆၁
မြန်မာအင်ပီရီရယ်(လ်)ဂျိတ်
အမှတ်-၂၄/၂၆၊ (ယခင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဆောက်အအုံ)
ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၇၀၂၇၊ ၃၇၀၅၄။

IBTC

